စိတ်ကူးချိုချိုအနုပညာ

# အဘိဓမ္မာ

ဦးသော်ဇင်

ဒုတိယအကြိမ်

mgyoe.com

အဘိဓမ္မာကား ရိုးရိုး ဓမ္မ မဟုတ်ချေ၊ အဘိ ရှေးရှိသော ဓမ္မဖြစ်၍ သာလွန် ထူးကဲသော တရားဟု ဝိသေသပြုခြင်း ဖြစ်၏၊ ဘယ်တရားထက် သာလွန်ထူးကဲသနည်းဟု မေးရန် လိုမည် မထင်ပါ၊ အကြောင်းမှာ အထက်တွင် ဓမ္မ နှစ်မျိုး ခွဲခြားပြခဲ့ပါသည်၊ တခုမှာ သုတ္တန်ဓမ္မဖြစ်၍ နောက်တခုမှာ အဘိနှင့် အထူးပြုထားသော ဓမ္မ (အဘိဓမ္မာ) ဖြစ်၏၊ ထိုဓမ္မ နှစ်ခုတွင် အဘိပါသော ဓမ္မသည် အဘိမပါသော ဓမ္မထက် သာလွန် ထူးကဲကြောင်း ထင်ရှားနေ၏။

သာလွန် ထူးကဲခြင်းမှာ အဘိသဒ္ဒါမှ ပေါ်ထွက်သော အနက် ဖြစ်၏၊ အဘိ သဒ္ဒါက သာလွန် ထူးကဲခြင်း အနက်ကို ညွှန်ပြ၏၊ သုတ္တန်ထက် သာလွန် ထူးကဲသော ဓမ္မဖြစ်၍ အဘိ ဓမ္မာဟု ခေါ်ခြင်း ဖြစ်၏၊ ဝိနည်းထက် သာလွန် ထူးကဲသည်ဟု ဆိုလိုခြင်း မဟုတ်ချေ၊ ဝိနည်းက တဘာသာ ဖြစ်၏၊ ဤတွင် ဓမ္မ သဒ္ဒါမှာ သုတ္တန်နှင့် အဘိဓမ္မာဟု နှစ်မျိုး ပါဝင်နေသဖြင့် အဘိပါသော ဓမ္မသည် အဘိမပါသော ဓမ္မထက် သာလွန် ထူးကဲသည်ဟု ဆိုရခြင်းဖြစ်၏။

အဘိဓမ္မာသည် သုတ္တန်ထက် အဘယ်သို့လျှင် သာလွန် ထူးကဲသနည်း၊ ဗုဒ္ဓသည် သုတ္တန်၌လည်း ဓမ္မတရား ဟောကြား ၏၊ အဘိဓမ္မာ၌လည်း ဓမ္မတရား ဟောကြား၏၊ ဗုဒ္ဓ ဟော ကြားသည့် ဓမ္မတရားချင်း အတူတူဖြစ်လျက် သုတ္တန်ထက် အဘိ ဓမ္မာက အဘယ်သို့လျှင် သာလွန် ထူးကဲလေသနည်း။

# အဘိဓမ္မာ

ဦးသော်ဇင်

UTZ0014

1,700.00 KS

mgyoe.com

အဘိဓမ္မာ၊ ဦးသော်ဇင်
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၀ ကာပလေ့တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အဘိဓမ္မာ

## ဦးသော်ဇင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


သာမညနိဒါန်း

၁။ အဘိဓမ္မာ သမိုင်း ၁
၂။ ဋီကာကျော် ၃
၃။ ဋီကာမော် ၇
၄။ နက်နဲခြင်း ဂမ္ဘီရ ၉
၅။ တောင်မြို့ ညဝါ ၁၄

ဝိသေသနိဒါန်း

၁။ ဂန္ထာရမ္ဘ ၁၉
၂။ အဘိဓမ္မာ၏ အနက် ၂၁
၃။ ရောင်ခြည်တော်ဖွင့် ၂၇
၄။ သမုဒ္ဒရာ ဥပမာ ၃၅
၅။ အဘိဓမ္မာ၏ ထူးခြားချက် ၃၇
၆။ အဘိဓမ္မာ ဒေသနာ ၄၀
၇။ အဘိဓမ္မာ ပြဿနာ ၄၂
၈။ ဓမ္မသဘာဝ ၄၇


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၉။ | ပရမတ္ထတရား | ၄၉ |
| ၁၀။ | ပရမတ်နှင့် ပညတ် | ၅၃ |
| ၁၁။ | ဓမ္မသင်္ဂဏီ | ၅၅ |
| ၁၂။ | ဝိဘင်း (ဝိဘင်္ဂ) | ၆၀ |
| ၁၃။ | ဓာတုကထာ | ၆၁ |
| ၁၄။ | ပုဂ္ဂလပညတ် | ၆၂ |
| ၁၅။ | ကထာဝတ္ထု | ၆၄ |
| ၁၆။ | ယမိုက် (ယမက) | ၆၉ |
| ၁၇။ | ပဋ္ဌာန်း (ပဋ္ဌာန) | ၇၀ |
| ၁၈။ | တောင်ပိုင်း–မြောက်ပိုင်း | ၇၄ |
| ၁၉။ | ဗုဒ္ဓဓမ္မ | ၇၇ |


စာကိုယ်


| | | |
|---|---|---|
| ၁။ | ထေရဝါဒဓမ္မ | ၈၃ |
| ၂။ | ခန္ဓာငါးပါး | ၈၃ |
| ၃။ | အာယတန ၁၂ ပါး | ၈၆ |
| ၄။ | ဓာတ် ၁၈ ပါး | ၈၇ |
| ၅။ | သစ္စာ ၄ ပါး | ၈၈ |
| ၆။ | ဝေဘာသိက ဓမ္မ | ၉၁ |
| ၇။ | ဝိသယီနှင့် ဝိသယ | ၉၁ |
| ၈။ | လောကဓာတ်သုံးပါး | ၉၅ |
| ၉။ | ဝိသယဂတ | ၉၆ |
| ၁၀။ | ရူပ | ၉၈ |
| ၁၁။ | ရူပ ဝိသယ | ၁၀၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၂။ | စိတ္တ | ၁၀၂ |
| ၁၃။ | စိတ္တခမ္မ | ၁၀၄ |
| ၁၄။ | စိတ္တ ဝိပ္ပယုတ္တ ခမ္မ | ၁၀၉ |
| ၁၅။ | သုတ္တန္တိက ခမ္မ | ၁၁၂ |
| ၁၆။ | ပမာဏ ၄–ပါး | ၁၁၂ |
| ၁၇။ | ယောဂါစာရ ခမ္မ | ၁၁၄ |
| ၁၈။ | ဝိညာဏဝါဒ | ၁၁၄ |
| ၁၉။ | အသင်္ခတခမ္မ | ၁၁၇ |


နိဂုံးချုပ်


| | | |
|---|---|---|
| ၁။ | နမူနာ | ၁၂၂ |
| ၂။ | အကုသိုလ်မူလ | ၁၂၅ |
| ၃။ | ကုသိုလ်မူလ | ၁၂၈ |
| ၄။ | အယောင်ဆောင်ခြင်း | ၁၃၁ |
| ၅။ | ဝိဇ္ဇာနှင့်သိပ္ပံ | ၁၃၉ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# သာမည-နိဒါန်း

## အဘိဓမ္မာသမိုင်း

ဗုဒ္ဓမြတ်စွာ၏ ဓမ္မတရားတို့သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံ၌ ပေါင်းစုနေကုန်၏။ အဘိဓမ္မာသည် ပိဋကသုံးပုံတွင် နောက်ဆုံးပိဋကဖြစ်၏။ ယင်းသည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်းရှိ၏။ အဘိဓမ္မာပိဋက ပါဠိတော်ဟုလည်း ခေါ်ကြ၏။ ပါဠိတော်တို့မှာ ခက်ခဲနက်နဲလှသဖြင့် ပညာရှိတို့ပင် ဖတ်ရှုလေ့လာရန် မစွမ်းနိုင်ကြချေ။ ထို့ကြောင့် ရှင်ဗုဒ္ဓဃောသသည် ယင်းပါဠိတော်တို့မှ ခက်ရာခက်ဆစ်တို့ကို အစဉ်အတိုင်း ဖွင့်ဆိုပေး၏။ ယင်းကို အဋ္ဌကထာဟု ခေါ်ကြ၏။ ဓမ္မသင်္ဂဏီ၏ အဖွင့်မှာ အဋ္ဌသာလိနီ အဋ္ဌကထာဟု အမည်တွင်၏။ ဝိဘင်း အဋ္ဌကထာမှာ သမ္မောဟဝိနောဒနီ မည်၏။ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း ငါးကျမ်းကို ပေါင်း၍ ပဉ္စပကရဏအမည်ဖြင့် ဖွင့်ဆို၏။ ပဉ္စပကရဏဆိုသည်မှာ ကျမ်းငါးကျမ်းဖြစ်၏။

ရှင်ဗုဒ္ဓဃောသ၏ အဖွင့်အပြတို့မှာ တိကျလှပ ကောင်းမွန်ပါသော်လည်း လူသာမန်တို့ ဖတ်ရှုလေ့လာရန် မစွမ်းနိုင်ချေ။ ထို့ကြောင့်

mgyoe.com

mgyoe.com


နမ္မ အမည်ရှိသော ကပ္ပိယ ဒါယကာက ရှင်အနုရုဒ္ဓါအား အဘိဓမ္မာ၏ လိုရင်းအချက် အနက်ကို ဖွင့်ပြရန် တောင်းပန်၏။ ထို့ကြောင့် ရှင်အနုရုဒ္ဓါ သည် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော လက်သန်း အဋ္ဌကထာကျမ်းကို ပြု၏။ လက်သန်းအဋ္ဌကထာဟု ဆိုသည့်အတိုင်း ကျမ်းစာ၏ အရွယ် ပမာဏမှာလည်း လက်သန်းလောက်ပင် ရှိ၏။ ယင်းကျမ်းကို မြန်မာတို့ က သင်္ဂြိုဟ်ဟု ဆိုကြ၏။ ကျမ်းစာ၏ အမည်နာမ အပြည့်အစုံမှာ အဘိဓမ္မတ္ထသင်္ဂဟ ဖြစ်၏။ ဤတွင် နောက်ဆုံးက သင်္ဂဟကို မြန်မာလို သင်္ဂြိုဟ်လိုက်ခြင်း ဖြစ်၏။ ကျမ်းမှာ သေးငယ်၍ လွယ်လည်းလွယ်၏။ အလွန်မြင့်မားသော အဘိဓမ္မာ ဘုံဗိမာန်သို့ တက်ရန် စောင်းတန်းလှေ ကားသဖွယ်လည်း ဖြစ်၏။ နက်ကျယ်လှသော အဘိဓမ္မာပင်လယ်ကို ကူးရန် လှေသင်္ဘောသဖွယ်လည်း ဖြစ်၏။ အဘိဓမ္မာကို လေ့လာသူများ သည် ဤကျမ်း၏ အကူအညီဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို လက်လှမ်း နိုင်ခဲ့၏။

အဘိဓမ္မတ္ထသင်္ဂဟတွင်လည်း ခက်ရာခက်ဆစ် ကျစ်လျစ်သော လျှို့ဝှက်ချက်များရှိနေ၍ ယင်းကျမ်းငယ်ကိုလည်း အသွယ်သွယ် ဖွင့်ဆို ကြရပြန်၏။ ထိုတွင် ရှင်သုမင်္ဂလသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီ အမည် ရှိသော ဋီကာမှာ လွန်စွာ ထင်ရှား၏။ အဘိဓမ္မာ သုတေသနပြုသူတို့ သည် ယင်းဋီကာ၏ အကူအညီဖြင့် အဘိဓမ္မတ္ထသင်္ဂဟ၌ ပါဝင်သော အခက်အခဲတို့ကို ဝေခွဲနိုင်ကြ၏။

ဤကား သီဟိုဠ်ကျွန်းတွင် ထွန်းကားခဲ့သော အဘိဓမ္မာသမိုင်း အချုပ်မှ တစ်ဖန် လိုရင်းကို ကောက်နုတ်ယူခြင်း ဖြစ်၏။ သီဟိုဠ်တွင် ထိုမှတစ်ပါးသော အဘိဓမ္မာဆိုင်ရာ အဋ္ဌကထာဋီကာ အများအပြား ရှိသေး၏။ သို့ရာတွင် ဤတွင် ဖော်ပြလိုသည်မှာ ရှင်အနုရုဒ္ဓါ၏ အဘိ ဓမ္မတ္ထသင်္ဂဟနှင့် ယင်းကို ဖွင့်ဆိုသော ရှင်သုမင်္ဂလသာမိ၏ အဘိ

mgyoe.com

mgyoe.com



ဓမ္မတ္ထဝိဘာဝိနီ ဋီကာအကြောင်း ဖြစ်၏။ ယင်းဋီကာသည် သီဟိုဠ်
အဘိဓမ္မာဆရာတို့တွင် လွယ်လွယ်ကူကူနှင့် ကြည်ဖြူမည်ဖြစ်သော်လည်း
အဘိဓမ္မာရောက်စဖြစ်သော မြန်မာတို့အတွက်မှာ သွက်လက်ခြင်း မရှိလှ
ချေ။ ခက်ခဲသော အချက်အလက်တို့ဖြင့် ပြည့်နှက်နေ၏။ ထို့ကြောင့်
ယင်းကို ထပ်ဆင့်ဖွင့်ဆိုရန် လိုနေပေသည်။ ဤအကြောင်းအရာနှင့်
ပတ်သက်၍ စိတ်ဝင်စားဖွယ်တစ်ရပ်ကို မဟာဓမ္မသင်္ကြံအမတ်ကြီး
ပြုစုသော သာသနာလင်္ကာရ စာတမ်းမှ ကောက်နုတ်ဖော်ပြပါမည်။

## ဋီကာကျော်

ထူပါရုံ ဒါယကာ နရပတိမင်းကြီး လက်ထက်ဆီက ရတနာပူရ
အဝပြည်ထဲတွင် ကျမ်းဂန်တတ်မြောက်လှသော ရှင်မဟာအရိယဝံသ
ဆရာ ကျော်စောထင်ရှားစွာ ဖြစ်၏။ ထိုဆရာကား ပင်းယစကား ခုနစ်
ကျောင်းမှ ရဟန်းကောင်း ရဟန်းမြတ်တို့က ဆင်းသက်ခဲ့သော ပုဂံ
ရှေးသာသနာ၊ နောက်သာသနာ အနွယ်အဆက်ဝင်ပေတည်း။ ထိုဆရာ
သည် ပင်းယစကားကျောင်းကပင် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်များ
ကို သင်ကြား၍ မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်ခန့် ဆောင်ရွက်လောက်
အောင် နှုတ်တက်အာဂုံ ရွက်ဆောင်ပါလျက် ကျမ်းဂန်တတ်သည်၊ စာပေ
တတ်သည်ဆိုသည့် သဘောကိုပင် မသိသေး၍ စစ်ကိုင်းအရပ်ဝယ်
ကျမ်းဂန်တတ်သည့် ဆရာများထံ နည်းနာခံမည်ဟု စစ်ကိုင်းသို့ ကူးလေ၏။

ထိုရောအခါ ပုညစေတီ မြောက်တွင် ကျမ်းဂန်အလွန်တတ်သော
ရေငုံဘုန်းတော်ကြီး အထင်အရှားရှိသည်။ လိုလိုရာရာ ဟုတ်ဟုတ်ညား
ညား စကားမပြောလို၍ ရေကိုငုံ၍ နေလေ့ရှိသောကြောင့် ရေငုံဘုန်းကြီး
ဟု တွင်သတည်း။ ရှင်မဟာအရိယဝံသလည်း ထိုရေငုံဘုန်းကြီးထံ စာဝါ
တောင်းမည် ဆည်းကပ်သည်။ နှစ်ရက်တိုင်အောင် စကားမပြောရ၊

mgyoe.com

mgyoe.com


ဝတ်ဖြည့်၍သာ ပြန်ခဲ့ရသည်။ ၃ ရက်မြောက်သောနေ့ သားရေနွယ်ကို ခေါက်သည်တွင်မှ အသံကို ကြားရ၍ ရေကို ထွေးပြီးလျှင် မေးမြန်းသဖြင့် စာဝါတောင်းမည် ရောက်ကြောင်းကို ဆိုသော် သင်ကြား လေ့ကျက်ဖူးသော ကျမ်းဂန်များကို မေးသည်တွင် မသင်ကြား မလေ့ကျက်ဖူးသော သင်ရိုးကျမ်းဂန်ပင် မရှိပြီ ဆရာက ဆိုသည်ကို "ကျမ်းဂန်တတ်သည်၊ စာတတ်သည်ဆိုသည့် အကြောင်းကို မသိပါသေးသောကြောင့် ရောက်ပါသည်" ဆိုလျှင် "ငါ့မှာ စာသုံးဝါ ပို့ရသည်၊ မွန်းယိမ်းလျှင် ပုညစေတီ ရင်ပြင်တော်သို့တက်၍ တံမြက်ဝတ်လည်း ပြုရသည်။ မအားမလပ်ပြီ။ သို့သော်လည်း စာတတ်မှန်းမသိဆိုသည်ကို တံမြက်ဝတ် ပျက်ပစေဦး၊ ငှိကာ လက်သန်းကို သင်တော့" ဟု စာဝါပေး၍ ငှိကာ လက်သန်းကို သင်ရသည်။

ရေငုံဘုန်းကြီးလည်း နည်းနာနယ အထူးထူးအပြားပြား ပြသ သင်ကြားတော်မူသည်။ သုံးရက်မြောက်အောင် သင်ကြားပြီးလျှင် ပြသသည့်နည်းအတိုင်း ဆင်ခြင်၍ နှစ်ရက်၊ သုံးရက် မလာနေသည်၊ ကျမ်းဂန်တတ်သည်၊ စာတတ်သည်ဆိုသည့် အကြောင်းကို သတိရမှ အကြောင်းကို လျှောက်မည်။ ရှင်မဟာအရိယဝံသလာ၏။

ရေငုံဘုန်းကြီးကလည်း "ပင်းယပုဂ္ဂိုလ်သည် သုံးရက်မြောက် စာသင်ပြီးလျှင် မလာ၊ မကျန်းမမာ ရှိလေသလော၊ ပုညစေတီ အရှေ့မြောက် မန်ကျည်းပင်တောတွင် တဲဆောက်၍နေသည် ဆိုသည်။ သွား၍ ကြည့်ရှု မေးမြန်းကြပါချေ" စာသင်တပည့်တို့ကို စေ၏။

ထိုက အလာနှင့် သည်က စေသူတို့ အသွား ခရီးအကြားတွင် တွေ့ကြ၍ အတူလာကြသဖြင့် ဆရာအထံသို့ ရောက်သော် ၂ ရက်၊ ၃ ရက် မလာကြောင်းကို မေးသည်တွင် "ပြသပေသော နည်းကိုမှီ၍ ဆင်ခြင် ကြံစည်သောကြောင့် စာတတ်သည်ဆိုသည့် အကြောင်းကို

mgyoe.com

mgyoe.com


သိရပေပြီ” လျှောက်၏။

ရေငုံဘုန်းကြီးကလည်း “ယင်းသို့ တပြီးကား ဠီကာ လက်သန်းကို အရင်းအစ နှစ်ကမ္ပတ်လောက် သင်ကာမျှဖြင့် စာတတ်ပေသည်။ ကျေးဇူးကို ဆပ်ပေ၊ ဠီကာ လက်သန်းကိုပင် ဖွင့်လေ” ဆို၏။

ရှင်မဟာအရိယဝံသလည်း ဆရာဆိုတိုင်း ဠီကာ လက်သန်း အဖွင့် မဏိသာရ မဥ္ဇူသာကျမ်းကို စီရင်၏။ ပုညစေတီ အရှေ့မြောက် ချောက်တွင်နေ၍ စီရင်သည်။ စာပေလည်း ပို့ချတော်မူသည်။ တပည့် သံဃာအများ ပြန့်ပွားစည်ပင်သည်ဟူ၏။ မဏိသာရ မဥ္ဇူသာကျမ်းကို စီရင်စဉ် ပြီးသမျှကို လပြည့်လကွယ် ရှစ်ရက်သီတင်း နေ့တိုင်း ပုညစေတီ ရင်ပြင်တွင် သံဃာအများနှင့် ဖတ်နာကြ၏။

ထိုရောအခါ ပုဂံက ဘုရားပုထိုး ရှိခိုးမည်လာသည့် ပုဂ္ဂိုလ်တစ်ဦး လည်း အစွန်ကနေ၍ နာလျက် “ဇေ” ဟူ၍ နှစ်ကြိမ်တိုင်အောင် ဆိုသည် ကို မှတ်သားရသည်။ တည်းနေသည့် အရပ်ကိုလည်း မေးစေသည်။ ကျောင်းသို့ရောက်၍ မှတ်ရာတွင် ကြည့်ရှုဆင်ခြင်သော် တစ်ချက်မှာ ဝါကျထပ်သည်၊ တစ်ချက်မှာ ဣမံဂန္ထံ စွဲရမည်ကို ဣဒံဂန္ထံ အစွဲပျက် သည်ကို မြင်လေ၍ ဇေဆိုသော ပုဂ္ဂိုလ်ကို ပင့်ရလေသည်။ ရောက်လျှင် ဤသို့ မိန့်ဆို၏။

“ငါ့ရှင် ဤကျမ်းကို ငါသည် သာမညမပြု၊ လူသံ ငှက်သံစဲမှ ညဉ့်ကို ပုရပိုက်ကို ဖွင့်၍ ရေးသည်၊ လူသံ ငှက်သံကြားမှ နေ့ကို ပုရပိုက်အုပ်၍နေသည်။ သို့စဉ် ကြိုးစားအားထုတ်ပါသည်ကို ဇေ ဆိုပြန်လေသည်”။

ဤသို့ မိန့်ဆိုလျှင် ဇေဆိုသော ပုဂ္ဂိုလ်ကလည်း ဤသို့ လျှောက် ၏။

“အရှင်ဘုရား စီရင်ပြုစုသော ကျမ်းသည် ဆိုဖွယ် အများပင်

mgyoe.com

mgyoe.com



မရှိပေ။ သူတစ်ယောက်သည် ကျောက်စစ်ကို ဆုပ်၍ တိုက်နံရံကို ပစ်သော် တစ်စေ့မကျန် တိုက်နံရံကိုချည်း မှန်လေသကဲ့သို့ မိန့်ဆိုသမျှ စကားသည် အလိုရှိအပ်သော အနက်အဓိပ္ပာယ်သို့ချည်း ရောက်ပလေသည်။ ဝါကျတစ်ချက် ထပ်သည်။ အစွဲတစ်ချက် ပျက်သည်ကိုသာဖေ ဆိုပေသည်" ဟု လျှောက်လျှင် အားရနှစ်သက်တော်မူ၍ ကိုယ်တွင်သုံးသော ဒုကုဋ်ကို ပေးတော်မူသည်။

"ငါ့ရှင်ကို ငါပူဇော်သည် မဟုတ်၊ ငါ့ရှင်ဂုဏ်ကိုသာ ငါပူဇော်သည်" ဟု ထိုပုဂ္ဂိုလ် ခံဝံ့အောင်လည်း မိန့်တော်မူသည်။ နောက်လည်း ဘုရင်မင်းခေါင်အား ပြောကြား၍ တံဆိပ်အလှူတော် ခံရသည်ဟု အစဉ်စကား ရှိသည်။

ရှင်မဟာအရိယဝံသသည် မဏိသာရ မဉ္ဇူသာ, မဏိဒီပ, ဂန္ထာဘရဏ, မဟာနိဿယ, ဇာတကဝိသောဓန ကျမ်းများကို စီရင်၏။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို လက်သန်းအဋ္ဌကထာ ဆိုသည်။ ထိုအဋ္ဌကထာ၏ အဖွင့်ကို ဋီကာ လက်သန်းဆိုသည်။ ထိုဋီကာသည် အဖွင့်အပြ သိသာ ခြားနားလှသောကြောင့် ဋီကာလှဟူ၍ ရှေးသူဟောင်းတို့ ခေါ်ဝေါ်ကုန်သည်။ ထိုဋီကာကို သင်ရာတွင် ရှင်မဟာအရိယဝံသ ကျမ်းဂန်တတ်လေသောကြောင့် ရှင်မဟာအရိယဝံသတွင် စ၍ ဋီကာကျော်ဟု ယခုထက်တိုင်အောင် တွင်သည်၊ မဏိသာရမဉ္ဇူသာကား ထိုဋီကာကျော်၏ အဖွင့်ကျမ်းတည်း။

ဤတွင် သိစေလိုသည်မှာ သီဟိုဠ်က ရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာကို သီဟိုဠ် ရှင်သုမင်္ဂလသာမိက အဘိဓမ္မတ္ထဝိဘာဝိနီ အမည်ဖြင့် ဋီကာဖွင့်၏။ ယင်းဋီကာကို မြန်မာရဟန်းတော် ရှင်မဟာအရိယဝံသက မဏိသာရ မဉ္ဇူသာ အမည်ဖြင့် ထပ်ဆင့် ဖွင့်ဆိုပြန်ခြင်းဖြစ်၏။ ဤမျှသာ မဆိုဘဲ သာသနာလင်္ကာရ စာတမ်းတွင် ဆိုသည့်

mgyoe.com

mgyoe.com



အတိုင်း အတန်ကျယ်ပြန့်စွာ ကောက်နုတ်ဖော်ပြလိုက်သည်မှာ အစဉ်အလာ မြန်မာသာသနာဝင် အရှင်မြတ်တို့၏ အလေ့အလာ ဓလေ့ထုံးစံတို့ကို ယခုခေတ်လူများ သိစေရန်အတွက် ဖြစ်၏။ ထိုတွင် မိမိတို့အတွက် နည်းယူစရာတွေ အများပင်ရှိ၏။ ဤချစ်စရာကောင်းသော အကျင့်စရိုက်တို့သည် ဘယ်အခါကစ၍ ပျောက်ပျက်လာသည်မသိ၊ ယခုအခါ လုံးဝမရှိတော့ပေ။

## ဋီကာမော်

သီဟိုဠ်တွင် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊ ပုဂံ ပင်းယခေတ်တွင် ဋီကာလှ၊ အင်းဝခေတ်တွင် ဋီကာကျော်ဟု ထင်ပေါ်သော ဋီကာကို လယ်တီဆရာတော် နှစ်သက်အားရခြင်း မရှိချေ။ ထိုကြောင့် သူသည် ပရမတ္ထဒီပနီဟူသော အမည်ဖြင့် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော သင်္ဂြိုဟ်ကို အသစ်တစ်ဖန် ဖွင့်ဆိုပြန်၏။ ထိုတွင် ဋီကာလှ၌ မလှမပသော အဖွင့်အပြတို့ကို နသုန္ဒရံ=မလှဟူသော စကားလုံးဖြင့် ထောက်ပြ၏။ လယ်တီဆရာတော်၏ ဋီကာသစ်တွင် နသုန္ဒရံဟူသော စကားလုံးပေါင်း အများအပြား ပါဝင်၏။ သူသည် သီဟိုဠ် ရှင်သုမင်္ဂလသာမိ၏ အဖွင့်ကိုသာ မလှဟု အပြစ်ပြသည် မဟုတ်ပေ။ သူ့ကို ထပ်ဆင့်ဖွင့်သော ရှင်မဟာအရိယဝံသအားလည်း တွဲဖက်၍ စွဲချက်တင်၏။ ဋီကာကျော်သည်လည်းကောင်း၊ ထိုအဖွင့် မဏိသာရ မဥ္ဇူသာသည်လည်းကောင်း အနှစ်မရှိ၊ အကာအတိပြီးသော ဖွဲ့အိတ်များဖြစ်ကြောင်း အထောက်အထား ပေါင်းများစွာဖြင့် ပြောပြ၏။

လယ်တီဆရာတော်၏ အဆိုအမိန့်တို့ကို နှစ်သက်သော ပညာရှိတို့က သူ၏ ဋီကာသစ်ကို ဋီကာမော်ဟု ခေါ်ကြ၏။ သီဟိုဠ် ဋီကာကျော်ထက် သာလွန်ကောင်းမွန်သည်၊ ဤဋီကာကား ကျော်ရုံသာမဟုတ်၊

mgyoe.com

mgyoe.com


အကျော်ထက် အမော်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤပြဿနာနှင့် ပတ်သက်၍ သီဟိုဠ်က တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မရှိချေ။ သို့ရာတွင် ဋီကာကျော်ကို အသည်းစွဲဖြစ်နေသော မြန်မာပညာရှိ အများအပြားပင် ဋီကာအမျိုးမျိုး ဖွင့်ဆိုကာ ဋီကာကျော်ကို ထောက်ခံကြလျက် လယ်တီဆရာတော်၏ ဋီကာမော်ကို ပယ်ပယ်နယ်နယ် အပြစ်တင်ကြသည်။ လယ်တီဆရာတော်သည် မြန်မာစာသက်သက်ကို တတ်ကျွမ်းသူတို့ အဘိဓမ္မာကို လွယ်ကူစွာ လေ့လာနိုင်ကြစေရန် ပရမတ္ထသံခိပ်အမည်ရှိသော ကျမ်းငယ်ကလေးကိုလည်း ပြုစု၏။ ယင်းကျမ်း၏ သဘောမှာ သင်္ဂြိုဟ်နှင့် အလားတူ မြန်မာဘာသာ အဘိဓမ္မာ အခြေခံကျမ်း ဖြစ်သော်လည်း သင်္ဂြိုဟ်ထက် သာလွန်ကောင်းမွန်သည်။ သို့ရာတွင် ပါဠိဘာသာကို လွန်စွာ မြတ်နိုးကြသော မြန်မာရဟန်းတော်တို့သည် လယ်တီ၏ ပရမတ္ထ သံခိပ်ကျမ်းကိုလည်း မွေ့ရမ်းပစ်ကြသည်။

သာသနာ ကွယ်မည်ပသော်လည်း၊ အရွှာရွှာ နယ်လည်ကြွ
ပါတဲ့၊ လယ်တီဘုရာ့ ဆရာတော်။ အကြံနိုပ်ပါပေ့၊ သံခိပ်ကယ်
ဘုတ်စာကြောင့်၊ နုရုဒ္ဓါ သင်္ဂြိုဟ်ဖြင့် မေ့းလေရဲ့ကွယ်… တွေးကျက်
ကြနော်၊ ဂေါတမာတစ်ဆူ နောက်တွင်ဖြင့်၊ ဂေါတမောက် အတု
ခေါ်၊ ယခုပေါ်ပါတဲ့ နောက်ဘုရား၊ ကျွဲနွားကိုညှာ၊ ဘဲငါးရယ်
သတ္တဝါနှင့်၊ ကြက်ဝက်ပါ ချန်မထားတယ်ကွယ်၊ စားစေတဲ့လား။

ထိုစဉ်အခါက လယ်တီဆရာတော်သည် ကျွဲသား၊ နွားသားတို့ကို မစားရန် ရှောင်ကြဉ်ရန်လည်း တရားဟော၏။ ထို့ကြောင့် ယင်းအကြောင်းကိုပါ ထည့်သွင်း ပုတ်ခတ်သွားခြင်း ဖြစ်၏။ လယ်တီဆရာတော်သည် ရှေးက ဋီကာဆရာတို့ကို ပြင်းထန်စွာ ဝေဖန်၏။ သို့ဖြင့် တစ်ဖန် သူ့ကိုလည်း ပြင်းထန်စွာ ဝေဖန်ကြခြင်း ဖြစ်၏။ သို့ရာတွင် လယ်တီဆရာတော်သည် ထိုပြဿနာတို့ကို တစ်စုံတစ်ရာ မည်သို့မျှ ပြန်လည်ဖြေကြားခြင်း

mgyoe.com

mgyoe.com


မပြုချေ။

မြန်မာနိုင်ငံ အဘိဓမ္မာလောကတွင် ပါဠိဘာသာဖြင့် မြန်မာ ပညာရှိတို့ ပြုစုစီရင်သော အဘိဓမ္မာဆိုင်ရာ ကျမ်းပေါင်း ၄၀ ကျော် ရှိ၏။ နိဿယနှင့် မြန်မာပြန် ကျမ်းပေါင်းမှာ ၈၀ ကျော်ရှိ၍ အထွေထွေ ကျမ်းတို့မှာ ၂၀၀ မျှလောက် ရှိလေသည်။ သို့ဖြစ်ပါလျက် ဤအဘိဓမ္မာ ကျမ်းကို ကြိုးပမ်းသည်မှာ ၁ အချက် ခေတ်လူတို့အား အဘိဓမ္မာနှင့် မိတ်ဆက်ပေးလိုခြင်း ဖြစ်၏။ ၂ အချက်မှာ တောင်ပိုင်း ဗုဒ္ဓဝါဒီတို့၏ အယူအဆ အဘိဓမ္မာနှင့် မြောက်ပိုင်း ဗုဒ္ဓဝါဒီတို့၏ အဘိဓမ္မာကို ရောနှော၍ ပြလိုခြင်း ဖြစ်၏။ မြန်မာတို့သည် အများအားဖြင့် တောင်ပိုင်း ဗုဒ္ဓဝါဒီ တို့၏ အဘိဓမ္မာမှာသာ ကျက်စားနေကြသည်။ မြောက်ပိုင်း ဗုဒ္ဓဝါဒီတို့ ၏ အဘိဓမ္မာကို မသိကြချေ။ ထို့ကြောင့် ဤတွင် အဘိဓမ္မာနှစ်ရပ်ကို ပေါင်းစပ်ပေးလိုခြင်း ဖြစ်၏။ သို့ဖြင့် ဗုဒ္ဓအဘိဓမ္မာမှာ ပိုမိုပြည့်စုံ ကြွယ်ဝ လာနိုင်စရာ ရှိ၏။ ကျမ်း၏ အစီအစဉ်ကား ရှေးရိုးအတိုင်း မဟုတ်ပါ။ စနစ်သစ်ဖြင့် တင်ပြသွားမည် ဖြစ်ပါသည်။ သမားရိုးကျကိုပင် ပုံစံ တစ်မျိုးဖြင့် စီစဉ်ပေးမည်ဟု ဆိုလိုခြင်းဖြစ်၏။ ပုံစံတစ်မျိုးတစ်ဖုံ မဟုတ် ကလည်း ဤစာအုပ်ကို ထုတ်လုပ်နေဖွယ် မလိုပါ။ မြန်မာနိုင်ငံတွင် အဘိဓမ္မာကျမ်းပေါင်း အများအပြားပင် ရှိလေသည်။

## နက်နဲခြင်း ဂမ္ဘီရ

ယခုအခါ မိမိတို့သည် အဘိဓမ္မာကို လေ့လာနေကြပါသည်။ အဘိဓမ္မာတွင် အဘိဓမ္မာ ဝေါဟာရများ ရှိပါသည်။ အဘိဓမ္မာအကြောင်း ဆွေးနွေးသောအခါတွင် အဘိဓမ္မာ ဝေါဟာရဖြင့် ဆွေးနွေးပါမှ သဘာဝ ကျချိမ့်မည်။ သဘာဝကျမှုအတွက် သက်သက်သာ မဟုတ်ချေ။ ဝေါဟာရ ပြောင်း၍ မဖြစ်သော ဝေါဟာရများလည်း ရှိ၏။ ဥပမာ အဘိဓမ္မဟူသော

mgyoe.com

mgyoe.com


စကားသည် မြန်မာစကား မဟုတ်ချေ။ ထိုကြောင့် မြန်မာလို လွန်ကဲ ထူးမြတ်သော သဘောတရားဟု ပြန်ဆိုလိုက်ပါက 'ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး' ဆိုသလို ဖြစ်သွားနိုင်၏။ ထို့အတူ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသော စကားတို့ကိုလည်း ဝေါဟာရ ပြောင်းလိုက်ပါက ဝါ–ဘာသာပြန်လိုက်ပါက အသိခက်သွားချိမ့်မည်။ ထိုမှတစ်ပါး ပါဠိကိုပင် မြန်မာအသံထွက်နှင့် ပြင်၍ ခေါ်ဆိုသော ပါဠိပျက်, ပါဠိသက် ဝေါဟာရများလည်း ရှိသေး၏။ ယင်းတို့မှာ အဘိဓမ္မာ၌ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ကုသိုလ်, အကုသိုလ် စသည် တို့ ဖြစ်၏။ ဤသို့ အစရှိသော အဘိဓမ္မာ ဝေါဟာရ အသုံးတို့ကိုကား သိထားဖို့ လိုပေသည်။ မသိသေးလျှင် သိအောင်ပြုရပေမည်။ ဤ စာအုပ်မှာ အဘိဓမ္မာစာအုပ်သာ ဖြစ်၏။ အဘိဓမ္မာ အဘိဓာန်စာအုပ် မဟုတ်ချေ။ အဘိဓမ္မာ သဘောတရားတို့ကိုသာ စွမ်းအားရှိသလောက် ဖော်ပြသွားမည် ဖြစ်ပါသည်။ သို့ရာတွင် အချို့ ခက်ခဲနေမည် ထင်သော ဝေါဟာရတို့ကိုကား စကားစပ်လျှင် ရှင်းလင်းပေးပါမည်။ မည်သို့ဖြစ်စေ ကိုယ်တိုင် လုံ့လစိုက်ဖို့ကား လိုပေမည်။ အိပ်နေသော ခြသေ့်၏ ခံတွင်း ထဲသို့ သားကောင်တို့ ဘလိုအလျောက် မဝင်ကြပါ။ ကံအားလျော်စွာ ရွှေအိုးကို တွေ့ရသော်လည်း ရွှေတို့သည် အလိုလို အိတ်ထဲရောက်လာ မည် မဟုတ်ချေ။ ယောကျ်ားတို့လုံ့လကို ငဲ့နေ၏။

ပိဋကသုံးပုံတွင် တစ်ပုံတစ်ပုံသော ပိဋက၌ နက်နဲခြင်း ဂမ္ဘီရ လေးပါးစီ အသီးသီးရှိ၏။ ယင်းတို့မှာ ဓမ္မ, အတ္ထ, ဒေသနာနှင့် ပဋိဝေဓ ဖြစ်၏။ ဤနက်နဲခြင်း လေးပါးကို အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဃောသက ဤသို့ ဖွင့်ဆို၏။

ဓမ္မဟူသည်ကား ပါဠိတည်း။ အတ္ထဟူသည်ကား ထိုပါဠိ၏ သာလျှင် အနက်တည်း၊ ဒေသနာဟူသည်ကား ထိုနှလုံး၌သာ ပိုက်သော

mgyoe.com

mgyoe.com



ပါဠိကို ဟောခြင်းတည်း၊ ပဋိဝေဓဟူသည်ကား ပါဠိကိုလည်းကောင်း၊ ပါဠိ၏ အနက်ကိုလည်းကောင်း ဟုတ်သောအလျောက် သိခြင်းတည်း၊ နက်နဲခြင်း ဂမ္ဘီရဖြစ်သည်ကို ဆိုအံ့–ပိဋကသုံးပုံတို့၌ ထိုပါဠိ, အနက်, ဒေသနာ, အသိဉာဏ်တို့သည် ယုန်ငယ် အစရှိသော သတ္တဝါတို့သည် မဟာသမုဒ္ဒရာကို သက်နိုင်ခဲသကဲ့သို့လည်းကောင်း၊ ထောက်ရာကို မရနိုင်သကဲ့သို့လည်းကောင်း၊ ပညာနည်းသူတို့သည် သက်နိုင်ခဲကုန်၏။ ထောက်တည်ရာကို ရနိုင်ခဲကုန်၏။ ထို့ကြောင့် နက်နဲကုန်၏။

ဤအဋ္ဌကထာ၏ ဖွင့်ဆိုချက်ကို နိဿယဆရာ ရှင်ဇမ္ဗုဒီပဓဇ (ရွှေဥမင်ဆရာတော်)က "ဓမ္မကို မနသာ ဝ ဝတ္ထာပိတ ပါဠိကိုယူ, အတ္ထကို ပါဠိအနက်ကိုယူ, ဒေသနာကို နှုတ်မြွက်၍ဟောသော သဒ္ဒပညတ်ကိုယူ, ပဋိဝေဓကို ပါဠိအနက် နှစ်ပါးကိုသိသော ဉာဏ်ကိုယူ" ဟု မှာ၏။ အဋ္ဌကထာ၏ စကားမှာ အတန်ငယ် ခက်နေမည်ထင်၍ မှာကြားခြင်း ဖြစ်၏။ အမှာကိုလည်း မသိပါက အတော် အပြောရခက်ပေမည်၊ အဋ္ဌကထာဆရာသည် စာရှုသူတို့ ဗဟုသုတ ကြွယ်ဝစေရန် ယင်းဂမ္ဘီရ ၄ ပါးကို တစ်နည်း ဖွင့်ပေးပြန်၏။

တစ်နည်း ဓမ္မဟူသည်ကား အကြောင်းတည်း။ မှန်၏၊ "အကြောင်း၌ အသိဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏" ဟူသော စကားကို ဟောတော်မူအပ်၏။ အတ္ထဟူသည်ကား အကြောင်း၏ အကျိုးတည်း၊ မှန်၏ 'အကြောင်း၏ အကျိုး၌ အသိဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏' ဟု ဟောတော်မူအပ်၏။ ဒေသနာဟူသည်ကား သဒ္ဒပညတ်တည်း။ သဘော အလျောက် သဘောကို ဟောခြင်းဟု ဆိုလို၏။ ပဋိဝေဓဟူသည်ကား သိခြင်းတည်း၊ ထိုသိခြင်းဟူသည်လည်း လောကီ လောကုတ္တရာဟု ဆိုအပ်သော အကျိုးအားလျော်စွာ အကြောင်းတို့၌, အကြောင်းအားလျော် စွာ အကျိုးတို့၌, သဒ္ဒပညတ် အကြောင်းအားလျော်စွာ ပညတ်တို့၌

mgyoe.com

mgyoe.com


အာရုံပြုသောအားဖြင့်လည်းကောင်း, မတွေဝေသောအားဖြင့်လည်းကောင်း သိသောဉာဏ်တည်း။

ဤအဖွင့်ကိုလည်း ရွှေဥမင်ဆရာတော်က "ဤအရာ၌ ခဲ၏" ဟု အစချီကာ ဤသို့ မှာကြား၏။

ဓမ္မကို အကြောင်းယူ, အတ္ထကို အကျိုးယူ, ဒေသနာကို သဒ္ဒပညတ်ယူ, ပဋိဝေဓကိုကား အကြောင်းအားလျော်ကပ်စွာ အကျိုးကို, အကျိုးအားလျော်ကပ်စွာ အကြောင်းကို, ပညတ်ကြောင်း အားလျော်စွာ ပညတ်ကို သိတတ်သော လောကီဉာဏ် လောကုတ္တရာဉာဏ် နှစ်ပါးကိုယူ၊ အဝိဇ္ဇာကား အကြောင်း, သင်္ခါရကား အကျိုး, သင်္ခါရ သည်ကား အဝိဇ္ဇာကြောင့်တည်း၊ အဝိဇ္ဇာကား သင်္ခါရကို ဖြစ်စေသတည်း။ ဤကား အကြောင်းနှင့်လျော်စွာ အကျိုးကို, အကျိုးအား လျော်စွာ အကြောင်းကို အာရုံပြုသဖြင့် သိသော လောကီဉာဏ်ကိုလျှင် 'ဝိသယတော အဝဗောဓော' ဟူသည်တည်း၊ 'အသမ္မောဟတော အဝဗောဓော' ဟူသည်ကား မောဟကို ပယ်ပြီးသော လောကုတ္တရာ မဂ်ဉာဏ် ဖြင့် သမုဒယသစ္စာတည်းဟူသော အဝိဇ္ဇာကြောင့် ဒုက္ခသစ္စာတည်း ဟူသော သင်္ခါရဖြစ်သတည်း။ သမုဒယကား အကြောင်း, ဒုက္ခကား အကျိုး, သမုဒယကြောင့် ဒုက္ခဖြစ်သတည်း၊ ဒုက္ခကိုကား သမုဒယ ပြု သတည်းဟု အသိဉာဏ်ဖြစ်သည်ကိုလျှင် 'အသမ္မောဟတော အဝဗော ဓော' ဟူသည်တည်း၊ ထိုသို့ ပညတ်ခြင်း၏ အကြောင်းကို သိပြီးရကား အဝိဇ္ဇာဟေတု သင်္ခါရဟေတု သမုပ္ပန္နာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ပစ္စ ယုပ္ပန္နာဟူ၍ သဒ္ဒပညတ်ကို လောကီဉာဏ် လောကုတ္တရာဉာဏ်တို့ဖြင့် သိသည်ကိုလျှင် ပညတ္တိ ပဓာနရုပ် ပညတ္တိသု အဝဗောဓော ယူလေ သတည်း။ ဤအရာ၌ ခဲ၏။ သင်္ခါရပစ္စယာ ဝိညာဏံ စသည်၌လည်း ဤအတူလည်းကောင်းတည်း။

mgyoe.com

mgyoe.com


ပိဋကသုံးပုံတွင် တစ်ပုံတစ်ပုံ၌ ဤနက်နဲခြင်း ဂမ္ဘီရ ၄ ပါး, ၄ ပါးရှိသည် ဆိုသည်မှာလည်း မှန်ပေမည်။ ယင်းဂမ္ဘီရကို အဋ္ဌကထာဆရာ ဖွင့်ပြသည်လည်း နက်နဲ၏။ ထို့အတူ ဋီကာ ယဆရာ၏ အမှာလည်း နက်နဲ၏။ ထို့ကြောင့် ငါတို့ ပိုပြီး ဂရုစိုက်ရပေမည်။ ငါတို့ကား သာမည လူစားများ မဟုတ်ကြချေ။ အဘိဓမ္မာကို လေ့လာနေကြ၏။ အဘိဓမ္မာ ဟူသည် အလွယ်မရှိချေ။ ခက်ခဲနက်နဲ၏။ အာဇာနည်တို့အတွက် အခက်အခဲကို ဖြေရှင်းကျော်နင်းရသည်ထက် ကြည်နူးစရာ အဘယ်မှာ ရှိမည်နည်း။ ဘယ်သူ၏ ဘယ်အဘိဓမ္မာမဆို ခက်ခဲနက်နဲသည်သာ တည်း။ ငါတို့သည် အဘိဓမ္မာကို လောကုတ္တရာအတွက်ဟုသာ ထင်မှတ်နေကြ၏။ ထို့ကြောင့် ပိုပြီး ခက်နေသည်။ အဋ္ဌကထာဆရာက လောကီ လောကုတ္တရာဟု ဖွင့်ဆိုထားသည်။ ရှေးဦးစွာ မိမိတို့နှင့် အမြဲ တွေ့ထိနေရသော လောကီအတွက် အကျိုးရှိအောင် အသုံးပြုသင့်၏။ ရွှေဖြစ် ငွေဖြစ် လုပ်သည်ထက် အပ်ဖြစ်အောင် လုပ်ခြင်းက လွယ်ကူပေမည်။ ရွှေငွေဖြစ်လျှင်ကား ပြောဖွယ်မရှိပါ။ အကယ်၍ ရွှေငွေဖြစ်ရန် ခက်ခဲကြာမြင့်နေပါလျှင် အပ်ဖြစ်ပါက ပိုပြီး အကျိုးရှိပေမည်။

ဗုဒ္ဓအဘိဓမ္မာ လေ့လာသူတို့မှာ ယေဘုယျအားဖြင့် ရဟန်းတော်များသာ ဖြစ်သဖြင့် လောကုတ္တရာဘက်တွင် အလေးအနက် ပြုသွားကြ၏။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာသည် လောက၏ အထက်သို့ ရောက်နေကာ လောကသားတို့ လက်လှမ်းမမီနိုင်ဘဲ ဖြစ်ခဲ့ရ၏။ ယခုမူ လှမ်းလိုက လှမ်းနိုင်စေရန် ငြမ်းဆင်ပေးသည့်အနေဖြင့် ဤကျမ်းကို ကြိုးပမ်းခြင်းဖြစ်၏။ လောကီရေးအတွက် မည်သို့ဖြစ်စေ၍ လောကုတ္တရာရေးကိုကား မည်သို့ဖြစ်ရမည်ဟူသော ဝေဖန်ချက်အတွက်ကား အချိန်စောဦးမည် ထင်ပါသည်။ အတန် ကျေကျေညက်ညက် ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖို့ လိုပေဦးမည်။ မိမိသည် ဤစာအုပ်ကို ကဏ္ဍ ၄ ခု ခွဲခြားထား

mgyoe.com

mgyoe.com


ပါသည်။ (၁) သာမညနိဒါန်း၊ (၂) ဝိသေသနိဒါန်း၊ (၃) စာကိုယ်နှင့် (၄) နိဂုံးချုပ် ဖြစ်၏။ နိဒါန်းနှင့် နိဂုံးချုပ်မှာ စာရေးသူ၏ အာဘော်ကို အများဆုံး ထုတ်ဖော်ထားပါသည်။ စင်စစ် ယင်းနှစ်ကဏ္ဍမှာ စာကိုယ်ကို သိုင်းဝိုင်းပေးခြင်းသာ ဖြစ်၏။ ဤစာအုပ်၏ ပဓာန အချုပ်အခြာမှာ အလယ်ဗဟိုမှ စာကိုယ်ဖြစ်၏။ ထိုတွင် ပထမ တောင်ပိုင်း ဗုဒ္ဓဝါဒီတို့၏ အယူအဆကို ဖော်ပြ၍ ဒုတိယမြောက်ပိုင်း ဗုဒ္ဓဝါဒီတို့၏ အယူအဆများ ဖြစ်၏။ တောင်ပိုင်းအဘိဓမ္မာနှင့် ပတ်သက်၍ မြန်မာတို့၏ အစဉ်အလာကို ဦးစားပေးပြီး တင်ပြထားပါသည်။ မြောက်ပိုင်း အဘိဓမ္မာ၏ အချက်အလက်တို့ကိုကား သက္ကဋဟိန္ဒီ အရောင်အသွေးကို အများဆုံး ဖော်ပေးပါသည်။ အကြောင်းကား မြောက်ပိုင်း ဗုဒ္ဓဓမ္မမှာ ထိုဘာသာတို့ဖြင့် ထွန်းလင်းနေသောကြောင့်ပင် ဖြစ်၏။ မိမိသည် ဘာသာတစ်ရပ်ကို တင်ပြရာတွင် ထိုဘာသာ၏ ဓလေ့ထုံးစံ ယဉ်ကျေးမှု စာရိတ္တ စသည်တို့ကို အငွေ့အသက်ဖြစ်ဖြစ် အသင့်အတင့် ပါဝင်သင့်သည်ဟု ယူဆသည်။ ထို့ကြောင့် မြောက်ပိုင်း အဘိဓမ္မာတွင် ပါဠိနှင့် ကွဲပြားသော သက္ကဋ ဟိန္ဒီ အသွင်ကို အသင့်အတင့် ဆင်ပေးလိုက်ခြင်း ဖြစ်၏။ စာရှုသူတို့အတွက်လည်း အာရုံ အပြောင်းအလွဲတစ်ခု ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## တောင်မြို့ ညဝါ

မြန်မာရဟန်းတော်တို့သည် အဘိဓမ္မာ သင်ကြားခြင်းကို ညဝါ ဆိုသည်ဟု ပြောကြ၏။ အကြောင်းကား သူတို့သည် အဘိဓမ္မာကို ညအခါတွင် အလွတ်ရွတ်ဆိုကာ သင်ကြားကြသောကြောင့် ဖြစ်၏။ ညဝါ သင်ကြားသော မြို့ရွာတို့တွင် တောင်မြို့ခေါ် အမရပူရမြို့သည် နာမည်အကြီးဆုံး ဖြစ်၏။ အဘိဓမ္မာ သင်ကြားသော ရဟန်းတော်

mgyoe.com

mgyoe.com


များစွာတို့သည် တောင်မြို့သို့သွား၍ ညဝါ ဆိုကြ၏။ တောင်မြို့တွင် အသံကြီးသုံးသံဖြင့် မဆိတ်ညံဟု ဆိုရိုးပြုကြ၏။ ယင်းအသံကြီး သုံးသံမှာ (၁) မီးရထားသံ၊ (၂) ရက်ကန်းသံနှင့် (၃) ညဝါသံ ဖြစ်၏။ အမရပူရကို တောင်မြို့ဟု ခေါ်ဆိုကြခြင်းမှာ တောင်ပေါ်၌ တည်ထားသောမြို့ဖြစ်၍ မဟုတ်ချေ။ တောင်မြို့၏ အနီးအနားမှာပင် တောင်မရှိချေ။ မန္တလေးမြို့မှ တောင်ဘက်ကျသောကြောင့် မန္တလေးအနေဖြင့် တောင်မြို့ဟုခေါ်ခြင်း ဖြစ်၏။ အထက်သားတို့သည် အများအားဖြင့် နေရာဌာနတို့ကို အရပ်ဒေသ တောင်မြောက် စသည်ဖြင့် ညွှန်ပြလေ့ရှိ၏။ တောင်မြို့၏ မြို့လယ်တွင် မီးရထားလမ်း ဖြတ်ဖောက်ထားသည်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို စသည် သွားသော မီးရထားသည် တောင်မြို့ထဲခွဲ၍ သွားကြ၏။ ထိုကြောင့် မီးရထားသံ မပြတ်မလပ် ကြားနေရ၏။ ထို့ပြင် မြန်မာနိုင်ငံတွင် ထင်ရှားသော မန္တလေး ပိုးလုံချည်ကို မန္တလေးက ရက်လုပ်ခြင်း မရှိချေ။ တောင်မြို့က ရက်ပေး၏။ တောင်မြို့၏ အကြီးဆုံးသော လုပ်ငန်းမှာ ရက်ကန်းဖြစ်၏။ ထို့ကြောင့် တောင်မြို့တွင် ရက်ကန်းသံကို မပြတ် ကြားရ၏။ နောက်တစ်သံမှာ ရဟန်းတော်များ ညဝါဆိုသောအသံ ဖြစ်၏။ ယခုအခါ မိုးကုတ်ဝိပဿနာ ဆရာတော်ဟု နာမည်ကျော်နေသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလသည် ညဝါပို့ချရာတွင် နာမည်ကျော်သော ဆရာတော်တစ်ပါး ဖြစ်၏။

တောင်မြို့၏ ညဝါမှာ အများအားဖြင့် ပဋ္ဌာန်းဖြစ်၏။ အကြောင်းကား အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းကျမ်းမှာ အခက်ခဲဆုံး အနက်နဲဆုံးဖြစ်၍ ပဋ္ဌာန်းကို အထူးဂရုစိုက်၍ သင်ကြားပို့ချခြင်း ဖြစ်၏။ အထက်တွင် ငါတို့သည် ပိဋကသုံးပုံ၏ နက်နဲခြင်း ဂမ္ဘီရ ၄ ပါးကို ပြောကြားခဲ့ပါပြီ။ ထိုတွင် အဘိဓမ္မာမှာ ပိုမို၍ နက်ရှိုင်း၏။ ထိုအကြောင်းကို ရှေးတွင် တွေ့မြင်ကြရပါမည်။ ဤတွင် စကားအလျဉ်းသင့်၍ သာသနာကွယ်ခြင်း

mgyoe.com

mgyoe.com


၅ ပါးကို ဖော်ပြပါမည်။ ယင်းငါးပါးမှာ (၁) ကျမ်းဂန်ပိဋကတ်ဟူသော ပရိယတ်၏ ကွယ်ခြင်း၊ (၂) ထိုပရိယတ်နှင့် လျော်သော အကျင့်၏ ကွယ်ခြင်း၊ (၃) မဂ်ဖိုလ်ဟူသော ပဋိဝေဓ၏ ကွယ်ခြင်း၊ (၄) ရဟန်း၏ အဝတ်အရုံဟူသော အသွင်အပြင်၏ ကွယ်ခြင်းနှင့် (၅) ဘုရားရှင်၏ ကိုယ်တော်အစိတ်ဟူသော ဓာတ်တော်မွေတော်၏ ကွယ်ခြင်း ဖြစ်၏။ ဤငါးပါးတို့တွင် ပထမဆုံးသော ကျမ်းဂန် ပိဋကတ်ဟူသော ပရိယတ်၏ ကွယ်ခြင်းကို သာသနာလင်္ကာရ စာတမ်း၌ ဤသို့ဆို၏။

> ပရိယတ်တည်သည်ရှိသော် သာသနာတော်မြတ် တည်၏။ ပရိယတ် မတည်သည်ရှိသော် သာသနာတော်မြတ် မတည်လေ။ နောက်ကာလရောက်သော် ကလိယုဂ်မင်းတို့လက်ထက် လူတို့ တရားမစောင့်ကုန်လျှင် မိုးလေမမှန်၍ ပစ္စည်းရှားပါးသဖြင့် ပရိယတ် ယုတ်လျော့လေ၍ အနက် ပါဠိအားဖြင့် မဆောင်ရွက်နိုင်ကုန်၊ အဘိဓမ္မာ ပိဋကတ်သည် ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီးက စ၍ အစဉ်အတိုင်း တရွေ့ရွေ့ ကွယ်ပလေ၏။

သို့ဖြင့် သိနိုင်သည်မှာ ပိဋကသုံးပုံတွင် အဘိဓမ္မာက ပိုပြီး ခက်ခဲနက်နဲ၍ ယင်းတွင်လည်း ပဋ္ဌာန်းကျမ်းက သာ၍ နက်ရှိုင်းကြောင်း သိရ၏။ ထိုကြောင့် တောင်မြို့သည် ပိဋကသုံးပုံ အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းကို အလေးပေး၍ သင်ကြားပို့ချနေခြင်း ဖြစ်၏။ တောင်မြို့ အဘိဓမ္မာ ညဝါ သာသနာကို ဆရာကြီး ဦးအုန်းဆိုသူက ရဟန်းတော်တို့အား ကိုယ်တိုင်ပို့ချ၍ စတင် တည်ထောင်ကြောင်း သိရ၏။ အဘိဓမ္မာညဝါသမိုင်းအတွက် ထိုဆရာကြီး၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို နှီးစပ်သူများ လေ့လာထားသင့်လှပါသည်။

အဘိဓမ္မာ ပိဋကကို အင်းဝခေတ်လောက်ကပင် ရဟန်းတော်တို့သော်မှ မူရင်းအတိုင်း မသင်ကြားနိုင်ကြချေ။ ထို့ကြောင့် တောင်ဘီလာ

mgyoe.com

mgyoe.com



ဆရာတော် ရှင်မုနိန္ဒဃောသသည် မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း အရကောက် ကျမ်းများကို စီရင်ပေးရ၏။ ထိုဆရာတော်သည် သာလွန်မင်းတရားကြီး (၉၉၁–၁၀၁၀) လက်ထက်တွင် ဖြစ်၏။ အရကောက်ကျမ်း ဆိုသည်မှာ ပါဠိတော်၏ သဘောသရုပ် အဓိပ္ပာယ်တို့ကို ရိုးရိုး မြန်မာစကားပြေဖြင့် ကောက်ယူ၍ ပေးခြင်းဖြစ်၏။ သို့ရာတွင် ကာလ ကြာသောအခါ အရကောက်ပေးသော်လည်း မယူနိုင်ကြ၍ ယူနိုင်အောင် ထပ်၍ ကောက်ပေးရပြန်၏။ ဤတွင် တောင်မြို့မှ အဘိဓမ္မာ ဆရာကြီး ဦးအုန်းမှာ လွန်စွာ ထင်ရှားလှပေ၏။ တောင်မြို့ ညဝါ၏ မူလမှာ သူ၏ နည်းနာနိဿယပင် ဖြစ်၏။ သူသည် အရကောက်တို့ကိုပင် ရအောင် ကောက်ပေး၏။ အရကောက်တို့ကို သဘောပေါက်အောင် ဖောက်ပေးခြင်းပင် ဖြစ်၏။ တစ်နည်းဆိုရသော် ခေတ်အလိုက် စရိုက်နှင့် အလျော် ပြုပြင်စီရင်ပေးခြင်း ဖြစ်၏။ မိမိလည်း ထို့အတူ ခေတ်ကို စမ်းကြည့်ခြင်းပင် ဖြစ်၏။

မိမိသည် ရှေ့နားက အဘိဓမ္မာ၏ ဂမ္ဘီရသဘောကို ဂမ္ဘီရဖြစ်သော စာဝါကျတို့ဖြင့် တင်ပြခဲ့ပါသည်။ သို့ဖြင့် စာရှုသူတို့ အထိတ်တလန့် ဖြစ်မသွားစေလိုပါ။ မိမိသည် မည်သည့် စာအုပ်တွင်မဆို ရှုခင်းရှုကွက် အပြောင်းအလွဲဖြင့် တစ်လှည့်စီ ပြသလေ့ရှိပါသည်။ အခက်အခဲကိုလည်း နက်နဲစွာ ဖော်ပြပါသည်။ လွယ်လွယ်ကလေးကိုလည်း တင်ပြပေးပါသည်။ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်၊ လိုက်နာဖွယ်၊ အတုယူဖွယ်၊ အောက်မေ့ဖွယ် စသည်တို့ဖြင့် မျိုးစုံ ခြယ်လှယ်ပေးပါသည်။ တစ်နေရာတွင် ခက်နေက တခြားတစ်နေရာတွင် အပန်းပြေရန် ဖြေပေးပါသည်။ ထို့ကြောင့် ဂမ္ဘီရဟု ဆိုသဖြင့် တွန့်ဆုတ်မသွားဘဲ နားနားနေနေ အေးအေးဆေးဆေး တွေးတွေးဆဆ ဖတ်ရှုကြစေလို၏။ စာအုပ်တို့တွင် အစအလယ်အဆုံးဟု သုံးမျိုးရှိ၏။ စာအုပ်ကို လေ့လာသူသည် အစမှ

mgyoe.com

mgyoe.com


အဆုံးတိုင်အောင် လှေ့လာဖို့လို၏။ တစ်ကွက်မျှသာ ဖတ်ပြီး ခက်သည်၊ လွယ်သည် စသည်ဖြင့် ဝေဖန်က မှန်ကန်လိမ့်မည် မဟုတ်ချေ။ တစ်နေရာမှာ တွေ့ရသည့် မရှင်းမလင်းသော အချက်ကို မှတ်ထားပြီး ဆက်လက် ဖတ်ရှုရပေမည်။ ထိုသို့ ဖတ်ရှုပါလျှင် ထိုစာအုပ်နှင့် ပတ်သက်၍ ပြဿနာဖြစ်နိုင်ဖွယ် မရှိချေ။ အိမ်ဆောက်သူသည် အိမ်ပေါ်သို့တက်ရန် လှေကားကို အနေတော် အလိုက်သင့် အစဉ် အတိုင်း ပြုလုပ်ထား၏။ အိမ်ပေါ်သို့ တက်သူသည် လှေကား တစ်ထစ်စီ နင်း၍ တက်၏။ ထို့အတူ ကျမ်းဆရာသည် အခန်းကဏ္ဍတို့ကို အစဉ် အတိုင်း စီစဉ်ထားပါသည်။ စာရှုသူတို့လည်း အစဉ်အတိုင်း ဖတ်ဖို့ လို၏။ လှေကားကို ခုန်ကျော်တက်က ချော်ကျနိုင်သကဲ့သို့ စာအုပ်၏ အခန်းကဏ္ဍတို့ကို ခုန်ကျော်ဖတ်ပါက ကသိကအောက် ဖြစ်နိုင်လေသည်။

❑

mgyoe.com

mgyoe.com

# ဝိသေသနိဒါန်း

## ဂန္ဓာရမှာ

သီလက္ခန္ဓ စသည် ကျေးဇူးဂုဏ်အထူးကို ဆည်းပူး ရှာမှီး လေ့ကျက်ပြီးသော မြတ်စွာဘုရား၏ ကရုဏာ သည် သတ္တဝါအားလုံး၌ အလိုအတိုင်းဖြစ်သကဲ့သို့ ပညာသည်လည်း သိသင့်သော တရားအားလုံး၌ အလိုအတိုင်းဖြစ်၏။

ထိုကရုဏာဖြင့် သတ္တဝါတို့၌ တိုက်တွန်းအပ်သော စိတ်နှလုံးရှိသော မြတ်စွာဘုရားသည် တန်ခိုး ပြာဋိဟာပြပြီးအဆုံး တာဝတိံသာ၌ သီတင်းသုံး၍ ပင်လယ် ကသစ်ပင်ရင်းက ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ၌ နေမင်းကဲ့သို့ တင့်တယ်စွာ ထိုင်လျက် မယ်တော် ကို အကြီးအမှူးပြု၍ စကြာဝဠာ တိုက်တစ်သောင်း မှ လာကြသော နတ်ဗြဟ္မာတို့အား ထိုပညာ၏ အစွမ်းဖြင့် အဘိဓမ္မာတရား ဟောကြားတော်မူ၏။

ဘုန်းကျက်သရေနှင့် ပြည့်စုံသော ထိုမြတ်စွာဘုရား

mgyoe.com

mgyoe.com


> ၏ ခြေအစုံကို ရှိခိုးပြီး၍ ထိုမြတ်စွာဘုရား၏ တရားကိုလည်း ပူဇော်ပြီး၍ သံဃာအားလည်း လက်အုပ်ချီပြီး၍ အဘိဓမ္မာ၏ အနက်ကို ဖွင့်ဆိုပါအံ့။

ရှင်ဗုဒ္ဓဃောသ စီရင်သော ဓမ္မသင်္ဂဏီ အဖွင့်ဖြစ်သည့် အဋ္ဌသာလိနီ အဋ္ဌကထာမှ ကျမ်းဦးအစ ဂန္ထာရမ္ဘကို ကောက်နုတ် ပြန်ဆိုလိုက်ခြင်း ဖြစ်၏။ ရှေးက ကျမ်းဆရာတို့ ကျမ်းပြုလျှင် ဂန္ထာရမ္ဘဖြင့် ကျမ်းကို အစပြုလေ့ ရှိ၏။ ဂန္ထာရမ္ဘဟူသည် ကျမ်းဦးအစ ဖြစ်၏။ ယင်းကို ဗုဒ္ဓဝါဒီ ပါဠိကျမ်းဆရာတို့က ဂန္ထာရမ္ဘဟု ခေါ်ဆိုကြ၏။ ဗြဟ္မဏဝါဒီ သက္ကဋ ကျမ်းဆရာတို့က မင်္ဂလာစရဏဟု ခေါ်ကြ၏။ ဝေါဟာရ ကွဲပြားသော်လည်း အနက်အဓိပ္ပာယ် ခြားနားခြင်း မရှိချေ။ ကျမ်းဦးအစ ပဏာမပင်တည်း။ သူတို့သည် ကျမ်းဦးအစကို အမှုမဲ့ အမှတ်မဲ့ပြုလေ့ မရှိကြချေ။ လေးလေးနက်နက် တွေးဆပြီးမှ ပြုတတ်ကြ၏။ ယင်းသည် မိမိပြုစုမည့် တစ်ကျမ်းလုံး၏ ဆိုလိုရင်း အချုပ်အခြာ ဖြစ်၏။ ဤကျမ်းမှာ အဘိဓမ္မာ ဖြစ်၏။ အဘိဓမ္မာသည် ပညာ ပဓာန ဒေသနာ ဖြစ်၏။ ထို့ကြောင့် ကျမ်းဆရာ ရှင်ဗုဒ္ဓဃောသသည် ကျမ်းဦးအစ၌ မြတ်စွာဘုရား၏ ဂုဏ်တော်အများတွင် ပညာကို ပဓာနထားပြီး ပဏာမပြုခြင်း ဖြစ်၏။ ထိုတွင် ကရုဏာမှာ ပဓာန မဟုတ်ချေ။ အခြံအရံ အပဓာနဖြစ်၏။

အဘိဓမ္မာ အဋ္ဌကထာတို့တွင် အဋ္ဌသာလိနီမှာ အစပထမ ဖြစ်၏။ ကျမ်းဆရာ ရှင်ဗုဒ္ဓဃောသသည် ဤအဋ္ဌကထာမှာပင် အဘိဓမ္မာ ပိဋကနှင့် ပတ်သက်သော အချက်အလက်တို့ကို ပြည့်စုံစွာ ဖော်ပြထား၏။ ဆက်လက်ဖွင့်ဆိုသော အဋ္ဌကထာတို့၌ ထိုအကြောင်းအရာတို့ကို တစ်ဖန် ထပ်၍ မဆိုတော့ချေ။ ထို့ကြောင့် ဤစာအုပ်တွင် ဖော်ပြသင့်

mgyoe.com

mgyoe.com


သော အကြောင်းအရာတို့ကိုလည်း ယင်း အဋ္ဌကထာ နိဒါနကထာမှပင် ဆက်လက်၍ ကောက်နုတ်ဖော်ပြပါမည်။ သို့ရာတွင် အပြည့်အစုံ အကုန် မဟုတ်ပါ။ လိုအပ်သမျှသာ ကောက်နုတ်ပြီး ယူပါမည်။ ယင်း ကောက်နုတ်ချက်ကို အမာခံ ကျောရိုးပြုပြီး အခြား မိမိလေ့လာ ဆည်းပူးချက်တို့ဖြင့် အဘိဓမ္မာ၏ သရုပ်ကို ကြိုးစားပြီး ဖော်ထုတ်ပါမည်။

## အဘိဓမ္မာ၏အနက်

"ကေနဋ္ဌေန အဘိဓမ္မာ = ဘယ်အနက် သဘောကြောင့် အဘိဓမ္မာ မည်ပါသနည်း"

အဘိဓမ္မာကို လေ့လာသော်လည်းကောင်း, ဆွေးနွေးသော်လည်းကောင်း ရှေးဦးစွာ ပေါ်ထွက်လာတတ်သော မေးခွန်းဖြစ်၍ နှုတ်တက်နေဖို့ လိုပေသည်။ အဖြေကား–

"ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန = သာလွန် ထူးကဲသော တရား အနက်ကြောင့် အဘိဓမ္မာ မည်၏" ဟူသတည်း။

မြတ်စွာဘုရား စကားဖြစ်သော ပိဋကသည် အချုပ်အားဖြင့် ဓမ္မနှင့် ဝိနယဟု နှစ်မျိုးသာ ရှိ၏။ မြတ်စွာဘုရား ကိုယ်တိုင်ကလည်း "ငါ၏ ဓမ္မ ဝိနယ သာသနာ၌" ဟု ပြောလေ့ရှိ၍ ပထမ သင်္ဂါယနာတင် အရှင်တို့ကလည်း "ယခုအခါ ငါတို့သည် ဓမ္မ ဝိနယကို သင်္ဂါယနာ တင်ကြစို့" ဟု ဆိုကြ၏။ ဝိနယဆိုသည်မှာ ဝိနည်းပိဋကပင် ဖြစ်၏။ ဝိနည်း ပိဋကကိုပင် ဝိနယဟု ခေါ်၏။ ဓမ္မမှာကား သုတ္တန်နှင့် အဘိဓမ္မာ ဟု နှစ်မျိုးပါဝင်၏။ ဓမ္မဟု သာမညဆိုပါလျှင် သုတ္တန်ရော အဘိဓမ္မာ ကိုပါ ယူဆနိုင်၏။ အကယ်၍ ကွဲပြားစေလိုက သုတ္တန် သို့မဟုတ် အဘိဓမ္မာဟု ခွဲခြားဆိုရပေမည်။

အဘိဓမ္မာကား ရိုးရိုးဓမ္မ မဟုတ်ချေ။ အဘိရှေးရှိသော ဓမ္မဖြစ်၍

mgyoe.com

mgyoe.com


သာလွန်ထူးကဲသော တရားဟု ဝိသေသပြုခြင်း ဖြစ်၏။ ဘယ်တရားထက် သာလွန်ထူးကဲသနည်းဟု မေးရန်လိုမည် မထင်ပါ။ အကြောင်းမှာ အထက်တွင် ဓမ္မနှစ်မျိုး ခွဲခြားပြခဲ့ပါသည်။ တစ်ခုမှာ သုတ္တန်ဓမ္မဖြစ်၍ နောက်တစ်ခုမှာ အဘိနှင့် အထူးပြုထားသော ဓမ္မ (အဘိဓမ္မာ) ဖြစ်၏။ ထိုဓမ္မနှစ်ခုတွင် အဘိပါသော ဓမ္မသည် အဘိမပါသော ဓမ္မထက် သာလွန် ထူးကဲကြောင်း ထင်ရှားနေ၏။

သာလွန် ထူးကဲခြင်းမှာ အဘိသဒ္ဒါမှ ပေါ်ထွက်သော အနက်ဖြစ်၏။ အဘိသဒ္ဒါက သာလွန်ထူးကဲခြင်း အနက်ကို ညွှန်ပြ၏။ သုတ္တန်ထက် သာလွန်ထူးကဲသော ဓမ္မဖြစ်၍ အဘိဓမ္မာဟု ခေါ်ခြင်း။ ဖြစ်၏။ ဝိနည်းထက် သာလွန်ထူးကဲသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ ဝိနည်းက တစ်ဘာသာ ဖြစ်၏။ ဤတွင် ဓမ္မသဒ္ဒါမှာ သုတ္တန်နှင့် အဘိဓမ္မာဟု နှစ်မျိုး ပါဝင်နေသဖြင့် အဘိပါသော ဓမ္မသည် အဘိမပါသော ဓမ္မထက် သာလွန်ထူးကဲသည်ဟု ဆိုရခြင်း ဖြစ်၏။

အဘိဓမ္မာသည် သုတ္တန်ထက် အဘယ်သို့လျှင် သာလွန်ထူးကဲသနည်း၊ ဗုဒ္ဓသည် သုတ္တန်၌လည်း ဓမ္မတရား ဟောကြား၏။ အဘိဓမ္မာ၌လည်း ဓမ္မတရား ဟောကြား၏။ ဗုဒ္ဓဟောကြားသည့် ဓမ္မတရားချင်း အတူတူဖြစ်လျက် သုတ္တန်ထက် အဘိဓမ္မာက အဘယ်သို့လျှင် သာလွန်ထူးကဲလေသနည်း။

မှန်ပါသည်။ ဗုဒ္ဓသည် သုတ္တန်၌လည်း ဓမ္မတရားတို့ကိုပင် ဟောကြား၏။ သို့ရာတွင် ဓမ္မတို့ကို အနုစိတ်ပြီး ဟောကြားမှု မပြုချေ။ သိသာရုံ သာမညသာ ဖော်ပြသွား၏။ ဥပမာ ဓမ္မပဒတွင် "ဓမ္မတရားတို့တွင် စိတ်သာ ရှေ့သွားခေါင်းဆောင်ဖြစ်၏။ အကြီးအမှူး ဦးစီးဖြစ်၏" စသည်ဖြင့် စိတ်ဟု သာမည ဖော်ပြ၏။ အဘိဓမ္မာသို့ ရောက်သောအခါ ယင်းစိတ်သည် သာလွန်ထူးကဲသွား၏။ ကုသိုလ်စိတ်, အကုသိုလ်စိတ်,

mgyoe.com

mgyoe.com



အဗျာကတဟု ရှေးဦးစွာ သုံးပါးခွဲခြားလိုက်၏။ ထို့နောက် ယင်းသုံးမျိုးတွင် ကုသိုလ်စိတ်ကို ကာမဘုံသို့ ရောက်စေတတ်သော ကုသိုလ်, ရူပဘုံသို့ ရောက်စေတတ်သော ကုသိုလ်, အရူပဘုံသို့ ရောက်စေတတ်သော ကုသိုလ်, ဘုံသုံးပါး၌ ဖြစ်စေတတ်သော ကုသိုလ်, ဘုံသုံးပါးမှ လွတ်မြောက်စေတတ်သော ကုသိုလ်ဟု ဘူမိဗေဒအားဖြင့် ခွဲဝေ၏။ တစ်ဖန် ကာမဘုံသို့ ရောက်စေတတ်သော ကုသိုလ်ကို ပထမ, ဒုတိယ စသည်ဖြင့် ရှစ်မျိုးခွဲပြန်၏။ ယင်းရှစ်မျိုးကို ဝါရသုံးပါးဖြင့် ပိုင်းခြားပြန်၏။ တစ်ဖန် ပထမဝါရကို အကျဉ်းနှင့်အကျယ် ခွဲခြားပြီး အကျဉ်းကို ဖဿ, ဈာနင်, ဣန္ဒြေ, မဂ္ဂင်, ဗိုလ် စသည်တို့ဖြင့် ဝေဖန်ပိုင်းခြား ဟောကြားသွား၏။ ဤမျှဖြင့် အဘယ်ပုံ သာလွန်ထူးကဲကြောင်း သိနိုင်၏။

ဥပမာ သုတ္တန်၌ ရူပက္ခန္ဓာကို "မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်" ဟုသာ ပြ၏။ အဘိဓမ္မာမှာမူ ယင်းခန္ဓာကို အတိတ် အနာဂတ် အစရှိသော တစ်ဆယ့်တစ်ဌာနတို့ဖြင့်လည်း ဝေဖန်၏။ တစ်ပါးတစ်ပါးသော ဌာနမှာလည်း အတိတ်ရုပ်ဟူသည် အဘယ်နည်း အစရှိသည်ဖြင့် အစိတ်အစိတ်မေးပြီး ဖြေရှင်းဝေဖန်၏။ ရူပက္ခန္ဓာဟူသည် အဘယ်နည်းဟု မေးခွန်းထုတ်ပြီး ရူပက္ခန္ဓာတစ်ပါးမှ ဆယ့်တစ်ပါးတိုင်အောင် ဝေဖန်၏။ ထို့ပြင် ကုသိုလ်ခန္ဓာက အဘယ်မျှနည်း။ အကုသိုလ်ခန္ဓာက အဘယ်မျှနည်း၊ အဗျာကတ ခန္ဓာက အဘယ်မျှနည်း စသည်ဖြင့် တိက, ဒုကတို့ဖြင့်လည်း ဝေဖန်၏။ ဤသို့ စသည်ဖြင့် အဘိဓမ္မာက သုတ္တန်ထက် သာလွန်ထူးကဲခြင်း ဖြစ်၏။

သာလွန်ထူးကဲခြင်းကို သာလွန် ကောင်းမွန် မြင့်မြတ်ခြင်းဟု မမှတ်သင့်၊ သုတ္တန်က ဓမ္မတရားတစ်ခုကို အဘိဓမ္မာက ချဲ့ထွင်ပေးခြင်း ဖြစ်၏။ နည်းမျိုးစုံဖြင့် အစိတ်အစိတ် ခွဲခြားပေး၏။ သုတ္တန်က စိတ်ဟု ဆို၏။ အဘိဓမ္မာက စိတ်ပေါင်း ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးကို

mgyoe.com

mgyoe.com


အသီးသီးခွဲခြားပြီး တစ်ဖန် ရောနှော၍ ပေးပြန်၏။ ဤသို့ စသည်ဖြင့် ချဲ့ထွင်ပေးခြင်းကိုပင် သာလွန်ထူးကဲခြင်းဟု ဆိုခြင်းဖြစ်၏။ ဤပြဿနာကို အလောင်းဘုရား မေးလျှောက်၍ မဟာအတုလဆရာတော် ဖြေဆိုခဲ့ဖူး၏။

ဒကာတော် လျှောက်သည် ဆရာတော် ဝိနည်း ဒေသနာ, သုတ္တန် ဒေသနာ, အဘိဓမ္မာ ဒေသနာ ဤဒေသနာ သုံးရပ်သည် ဘုရားရှင် ရွှေနှုတ်တော်ထွက် ဘုရားရှင် စကားချည်း ဖြစ်ပါလျက် အဘိဓမ္မာ ဒေသနာတော်သည်သာ လျှင် မြတ်သော ပရမတ္ထ ဒေသနာတော်ဟူ၍ ဆရာတို့ ဟောတော်မူကြကုန်၏။ ဘုရားရှင် စကားတော်ပင် အယုတ်, အလတ်, အမြတ် ရှိပါသေးသလော ဆရာတော် သိသာအောင် ဖြေဆိုတော်မူပါ။

ဒကာတော်မေးသည့် အချက်မှာ အနိမ့်ရှိလျှင် အမြင့်, အမြင့်ရှိလျှင် အနိမ့်, အယုတ်ရှိလျှင် အမြတ်, အမြတ်ရှိလျှင် အယုတ် ရှိမြဲဓမ္မတာဖြစ်၍ အဘိဓမ္မာ ဒေသနာတော်သာလျှင် မြတ်၏ဟုဆိုလျှင် သုတ္တန် ဝိနည်းဒေသနာသည် ဗျတိရေက နည်းအားဖြင့် ယုတ်ရာရောက်သောကြောင့် မေးတော်မူသင့်လှပေသည်။ ဤအရာ၌ ဟီနာဓမ္မာ, ပဏီတာဓမ္မာတို့ကဲ့သို့ အပါယ်လေးပါးသို့ ကျရောက်စေတတ်သော အကုသိုလ် အယုတ်တစ်ခု, နတ်ရွာ သုဂတိသို့ သွားရောက်စေတတ်သော ကုသိုလ်အမြတ် တစ်ခုကဲ့သို့ ဆိုလိုသည်မဟုတ်၊ ဝိနည်း ဒေသနာ, သုတ္တန်ဒေသနာတော်သည်လည်း မြတ်၏။ ယင်းဒေသနာ နှစ်ပါးထက်ပင် အဘိဓမ္မာ ဒေသနာတော်မြတ်၏ဟု ဆိုလိုသည်။ ဥပမာဆိုသည်

mgyoe.com

mgyoe.com



ကား လက်ဝဲအမှုထမ်း၊ လက်ယာအမှုထမ်း ၂ ဦးလုံးပင် ကောင်းကြလျက် အမှုထမ်းဆောင်သော သူတို့တွင် ရဲဝံ့စွာ အာမခံ လွန်ကဲသောသူကို အမှုထမ်းကောင်းသည်ဟု ဆိုသကဲ့သို့ မှတ်ရမည်။

အဘိ အတိရေကော–သုတ္တန်, ဝိနည်းတို့ထက် လွန်မြတ်သော ဓမ္မော–တရားတည်း၊ အဘိဓမ္မော–သုတ္တန်, ဝိနည်းတို့ထက် လွန်မြတ်သော တရား၊ ဤသို့ ဝစနတ္ထ ဆိုသည်ကို ထောက်၍ သုတ္တန်, ဝိနည်းတို့ထက် လွန်မြတ်သော အနက် သဒ္ဒါ, နာနာနယ စသည် နည်းတို့ ရှိသည်ကို ထောက်၍ အဘိဓမ္မာကို အမြတ်ဟု ဆိုပါသည်။ သုတ္တန်, ဝိနည်းတို့သည် ယုတ်သောကြောင့် အဘိဓမ္မာကို အမြတ်ဟု မဆို မှတ်တော်မူရမည်။

တစ်နည်းလည်း–သုတ္တန် ဒေသနာ, ဝိနည်း ဒေသနာတော်သည် ဒါန သီလတို့၏ အကြောင်းအကျိုးတို့ကို ပြဆိုခြင်း, ရှေးရှေးသော ဘဝတို့၌ ဖြစ်ခဲ့ဖူးသည့် အနိမ့်အမြင့် ဆင်းရဲချမ်းသာတို့ကို ပြဆိုခြင်း မျှကိုသာလျှင် ဟောတော်မူသည်။ သုတ္တန်ဒေသနာ, ဝိနည်းဒေသနာ တော်သည်ကား သစ်ပင် သစ်ပွင့်နှင့် တူ၏။ အဘိဓမ္မာ ဒေသနာတော် သည်ကား ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, အာရုံ, အာရမ္မဏိက, ရုပ်, နာမ်, တရားတို့ကို ခွဲခြမ်းစိတ်ဖြာ စီစဉ်၍ ဟောတော်မူသောကြောင့် ထုပ်၍ထားသော ဝတ္ထုကို ဖြေ၍ ပြသကဲ့သို့ မိမိ ခန္ဓာကိုယ်၌ ရုပ်, နာမ်အပေါင်း ပရမတ္ထသဘောကို နှလုံးသွင်းမိရာတွင် "သဗ္ဗေသင်္ခါရာ အနိစ္စ, သဗ္ဗေသင်္ခါရာ ဒုက္ခာ, သဗ္ဗေသင်္ခါရာ အနတ္တာ" ဟူ၍ လက္ခဏာ ရေး သုံးပါးတို့ကို ရှုဆင်ခြင်သဖြင့် မဂ်ဖိုလ်ကိုရ၍ အကျွတ်တရား ရထိုက်သော သတ္တဝါတို့သည် ဝဋ်သုံးပါးမှ လွတ်၍ နိဗ္ဗာန်သို့ ရောက်ကြ ကုန်သည်ဖြစ်၍ အဘိဓမ္မာ ဒေသနာတော်သည် သစ်သီးနှင့် တူ၏။ သစ်ပင်, သစ်ပွင့်, သစ်သီး–သုံးပါးတို့တွင်လည်း သစ်သီးသာလျှင်

mgyoe.com

mgyoe.com


အမြတ် ဖြစ်သကဲ့သို့ အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် ဝဋ်သုံးပါးမှ ထွက်မြောက်၍ အဆုံးစွန်ဖြစ်သောကြောင့် အဘိဓမ္မာ ဒေသနာတော်သည်သာလျှင် ဝိနည်း, သုတ္တန်တို့ထက် လွန်မြတ်၏ဟု ဟောတော်မူသည်။ ဝိနည်း, သုတ္တန် ဒေသနာယုတ်၍ အဘိဓမ္မာ ဒေသနာတော်သာ မြတ်သောကြောင့် ဟောတော်မူသည် မဟုတ်ဟု မှတ်တော်မူရမည်။

ဤကား တောင်ပိုင်း ဗုဒ္ဓသာသနာ ထေရဝါဒီတို့၏ အဘိဓမ္မာဟု ခေါ်ဆိုခြင်းနှင့် ပတ်သက်သော အယူအဆတို့ ဖြစ်၏။ ထိုအယူအဆ အလုံးစုံသည် ရှင်ဗုဒ္ဓဃောသ၏ အဋ္ဌသာလိနီ အမည်ရှိသော ဓမ္မသင်္ဂဏီ အဋ္ဌကထာကို အခြေခံကြ၏။ ဤတွင် မြောက်ပိုင်း ဗုဒ္ဓသာသနာ မဟာယာနတို့၏ အယူအဆကိုလည်း သိသင့် သိထိုက်ပေသေး၏။ မဟာယာန ဗုဒ္ဓဝါဒီ အဋ္ဌကထာဆရာကြီး တစ်ဦးဖြစ်သော ရှင်အသင်္ဂ အမည်ရှိသော သူမြတ်က သူ၏ မဟာယာန သုတ္တာလင်္ကာရ အမည်ရှိသော ကျမ်းတွင် အဘိဓမ္မာဟု ခေါ်ဆိုခြင်း အကြောင်းကို လေးပါး အပြားအားဖြင့် ဖွင့်ဆိုထားလေသည်။

(၁) သစ္စာ, ဗောဓိ, ဝိမောက္ခ, သုခ အစရှိသည်တို့၏ ဥပဒေသကို ပေးကြောင်းဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက်ပြုသော ဓမ္မတို့ကို သိစေသောကြောင့်လည်း အဘိဓမ္မာ မည်၏။ (၂) ဓမ္မတရား တစ်ပါးကို များစွာသော အပြားအားဖြင့် ဖွင့်ပြသောကြောင့်လည်း အဘိဓမ္မာ မည်၏။ (၃) တစ်ပါးသော အယူဝါဒတို့ကို ပယ်ဖျက်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်း အဘိဓမ္မာ မည်၏။ (၄) သုတ္တ ပိဋကဌ် ညွှန်ပြသော အယူအဆတို့ကို ဖွင့်ဆိုသောကြောင့်လည်း အဘိဓမ္မာ မည်၏။ အချုပ်အားဖြင့် ပြောပြနိုင်သည်မှာ သုတ္တန်တွင် သာမည ဟောပြသော အယူဝါဒတို့ကို အသေးစိတ်ပြီး အကျယ်ဖွင့်ပြခြင်းသည် အဘိဓမ္မာ၏ ပဓာနရည်ရွယ်ချက် ဖြစ်၏။ မြတ်စွာဘုရားသည် သုတ္တန်၌ စကားပြော

mgyoe.com

mgyoe.com



ဖြင့် ဟောကြားတော်မူ၏။ ယင်းတို့ကို စာပေရှုထောင့်ဖြင့် ဤပိဋကသုံးပုံ ဝေဖန် သုံးသပ်သွားလေသည်။

## ရောင်ခြည်တော်ဖွင့်

မြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ဘယ်အခါက ဟောကြားသနည်း။ ဟောကြားသည်မှာကား ခုနစ်ဝါမြောက်တွင် ဖြစ်၏။ သို့ရာတွင် မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိအဖြစ်သို့ ရောက်စကပင် အဘိဓမ္မာကို ဆင်ခြင်သုံးသပ်ခဲ့၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ဌာနတွင် တစ်ဌာနလျှင် ခုနစ်ရက်စီ စံနေခဲ့၏။ ယင်းကို သတ္တသတ္တာဟဟုခေါ်၏။ (၁) ပလ္လင်္က သတ္တာဟ, (၂) အနိမိသ သတ္တာဟ, (၃) ရတနစင်္ကမသတ္တာဟ, (၄) ရတနာ ဃရ သတ္တာဟ, (၅) အဇပါလ သတ္တာဟ, (၆) မုစလိန္ဒ သတ္တာဟနှင့် (၇) ရာဇာယတန သတ္တာဟ ဖြစ်၏။ ထိုတွင် လေးခုမြောက်ဖြစ်သော ရတနာဃရ၌ စံနေစဉ် ဝိနည်း, သုတ္တန်, အဘိဓမ္မာ, ပိဋကတို့ကို ဆင်ခြင်သုံးသပ်၏။ အစဉ်အတိုင်း ဆင်ခြင်ရာ အဘိဓမ္မာ ပိဋက ပဋ္ဌာန်းကျမ်းသို့ရောက်လျှင် ထက်ဝန်းကျင် ကိုယ်တော်မှ အညို, အရွှေ, အနီ, အဖြူ, အမောင်း, ပြိုးပြိုးပြက်အားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့ ထွက်၍ အထက်အဖို့အားဖြင့် ဘဝဂ်တိုင်အောင်, အောက်အဖို့အားဖြင့် မြေထု, ရေထု, လေထုတို့ကို ဖောက်၍ အောက်ကောင်းကင်တိုင်အောင်, ဖီလာအားဖြင့် အနန္တစကြဝဠာတိုင်အောင် ပျံ့နှံ့သွားလေသည်။

ဤအကြောင်းအရာတို့ကို ရှင်ဗုဒ္ဓဃောသသည် အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါန်း၌ တခမ်းတနား ဖွင့်ဆိုထား၏။ ယင်းအဖွင့်တို့ကို မှီငြမ်း၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်က "ဆဗ္ဗဏ္ဏရံသိ=ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး" ဟု တစ်မျိုး စီစဉ်ပေး၏။ ကျယ်ဝန်း များပြားလှစွာသော

mgyoe.com

mgyoe.com


အဋ္ဌကထာ စကားတို့ကို ခြောက်ဂါထာမျှဖြင့် ဖွင့်ဆိုလိုက်ခြင်း ဖြစ်၏။ ထိုခြောက်ဂါထာတို့ကို ယခုအခါ တွေ့ကြုံရန် မလွယ်လှချေ။ ကြာလျှင် ပျောက်ပျက်သွားမည် စိုးသောကြောင့်လည်းကောင်း၊ ရှေးမြန်မာ ဆရာတော်တို့ ဂါထာဖွဲ့ဆိုမှု၌ အဘယ်မျှ စွမ်းသည်ကိုလည်း ဖော်ပြလိုသောကြောင့်လည်းကောင်း၊ ဤ၌တွင်လည်း အထူး သက်ဆိုင်နေသောကြောင့်လည်းကောင်း၊ ယင်းခြောက်ဂါထာပါဠိ၌ အနက်ကို အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

၁

သတ္တ သတ္တာဟ မဇ္ဈမှိ နာထောယော သတ္တ သမ္မသိ၊
ပတ္ဘာ သမန္တပဋ္ဌာနံ သြကာသံ လဘတေ တဒါ။

နာထော = လူသုံးမျိုးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ယော သတ္ထာ = အကြင် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သတ္တသတ္တာဟ မဇ္ဈမှိ = ပလ်၊ နိမ်၊ စင်၊ ဃ–အ၊ မူ၊ ရ၊ ဟု သတ္တ ခုနစ်လီ နှောစာလီဝယ် ချက်လယ်ဖွေချာ ရတနာဃရ သတ္တာဟ၌ သတ္တ = ဓမ်၊ ဝိ၊ ဓာ၊ လ–က၊ ယ၊ ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းကို ဝါ–ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို သမ္မသိ = ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစီ အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုဖြင့် ရှေးရှုထပ်ထပ် သုံးသပ် ဆင်ခြင်တော်မူလေပြီ။ တဒါ = ထိုသို့ ဆင်ခြင်တော်မူသော အခါကာလ၌ သမန္တပဋ္ဌာနံ = ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သော ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနေကျယ်ဝှမ်း နည်းစုံဆန်းသော သမန္တပဋ္ဌာန်း ကျမ်းကြီးသို့ ပတ္ဘာ = ဉာဏ်ယဉ်တော်လျှောက် အစဉ်ရောက်၍ ဉာဏ်

mgyoe.com

mgyoe.com



= ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစီ အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်သည် ဩကာသံ = မြူးထူးကျက်စား ကစားနိုင်ခွင့်ကို လဘတေ = ရတော်မူလေ၏။

၂

ယောဇနာနံ သတာယာမော ပဉ္စ တိမိရ ပိင်္ဂလော၊
ကီဠောကာသံ သမုဒ္ဒေဝ ဂမ္ဘီရေ လဘတေ ယထာ။

ယထာ = ပမာတန္တု အပြိုင်ပြု၍ နှိုင်းရှုစဖွယ် အဘယ်လိုနည်းဟူမူကား ယောဇနာနံ = ခုနစ်တောင် တတာ ဝိသာဥသဘ ဂါဝုတ သီတိ စတ္တာရီ ဂါဝါ ယူဇနာတို့၏ ပဉ္စသတာယာမော = ငါးရာ ရှည်လျား လွန်ကြီးမားသော တိမိရပိင်္ဂလော = တိမိရ ပိင်္ဂလ မည်သော ငါးကြီးသည် ဂမ္ဘီရေ = ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သော သမုဒ္ဒေဝ = တောင်ခွင်ပတ်ချုပ် ရေသမုဒ်၌သာလျှင် ကီဠောကာသံ မြီးဆံ့ရှင်ပြယ် စမွှာယ်ခပ်ကူး မြူးထူးကျက်စား ကစားခွင့်ကို လဘတေ ယထာ = ရလေသကဲ့သို့ ဧဝံတထာ = ထိုအတူ ဉာဏံ = ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစီ အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲ မွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်သည် ဩကာသံ = မြူးထူးကျက်စား ကစားခွင့်ကို လဘတေ = ရတော်မူလေ၏။

၃

သမ္မသန္တဿ တံ ဓမ္မံ တဒါ သတ္ထု သရီရတော၊
တံ တံ ဓာဝန္တိ ဆဗ္ဗဏ္ဏာ လောဟိတာဒိ ပဘိဒနာ။

တဒါ = ထိုသို့ ရတော်မူသောအခါ၌ တံ ဓမ္မံ = ပရမာဏ်မြူ

mgyoe.com

mgyoe.com


ပုံတူအလား ထိုတရားကို သမ္မသန္တသ = သုံးသပ်ဆင်ခြင်တော်မူသော တသ သတ္ထုသ = ဗြဟ္မာနတ်လူ သုံးဘုံသူကို ကြည်ဖြူရွှင်ပြုံး ရွှေနှလုံးဖြင့် ဆုံးမတော်မူပေတတ်သော ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်၏ လောဟိတာဒိ ပသီဒနာ = သွေးတော် စသည် ကြည်လင်ခြင်းကြောင့် သရီရတော = ပကတိ အတောင် တစ်ဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ ဆဗ္ဗဏ္ဏာ = ညို၊ ရွှေ၊ ဖြူ၊ နီ မောင်းရီပြိုးပြက် တစ်ခဲနက်သောအားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် တံ တံ ဌာနံ = ဝဲယာ ရှေ့နောက် အထက်၊ အောက်ဟု ဆိုအပ်သော ထိုထို အရပ်ဌာနသို့ ဓာဝန္တိ = ပြေးသွားကြလေကုန်၏။

၄

နီလာယော နီလဋ္ဌာနေဟိ ပီတောဒါတာစ လောဟိတာ၊
တမှာ တမှာ တု မဋ္ဌိဋ္ဌာ နိက္ခမိံသု ပဘာသရာ။

နီလဋ္ဌာနေဟိ = မျက်နက်တော် ဆံတော်ဟု ဆိုအပ်သော ညိုသော အရပ်တော်တို့မှ နီလာယော = ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက်ကြအပ်သော အောင်မဲညို ကြာညို မျက်စဉ်းညိုကဲ့သို့လည်းကောင်း၊ တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိန့်အိန့် တနွဲ့နွဲ့ တလွဲ့လွဲ့ ခတ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့လည်းကောင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို လွှမ်းအုပ်ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်တော်တို့သည် နိက္ခမိံသု = ပဋ္ဌာန်း ဒေသနာတော်မြတ်ကို ဆင်ခြင်တော်မူသည့်နေ့က ယခုညယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် ထိန်ထိန်ပြောင်ပြောင် တောင်လုံးအိမ်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

mgyoe.com

mgyoe.com


ပီတကဋ္ဌာနေဟိ = ရွှန်းအိကိုယ်ရေ ဝါရွှေရာ အရပ်တော်တို့မှ ပီတာ = ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆန်း ရွှေပုဆိုး ဖြန့်လှန်းသကဲ့သို့လည်းကောင်း, ကြီးကြျူမှုန့်ရွှေဝါ မြင်းသီလာဆေးဒါန်း ပွင့်မဟာလှေကားပန်းတို့သည် ကောင်းကင်ပြည့် ပြွမ်းသကဲ့သို့လည်းကောင်း, ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေသောအဆင်းရှိသော ရောင်ခြည်တော်တို့သည် နိက္ခမိံသု = ပဋ္ဌာန်းဒေသနာတော်မြတ်ကို ဆင်ခြင်တော်မူသည့်နေ့က ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဋ္ဌာနေဟိ = အရိုးတော် သွားတော် မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရာရာ အရပ်တော်တို့မှ ဩဒါတာ = ပတ်လည်ဝန်းကျင် ငွေအိုးမှ သွန်းအပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗြတာန် ဝေဟာသံတိမ်မြင့်က တဝင့်ဝင့် တန္တဲ့န္တဲ့ တလွဲ့လွဲ့ ခတ်အပ်သော ငွေပြား ယပ် ငွေစပယ် သင်းခွေနွယ် ကြာဖြူ မြတ်လေးဖြူ ကြက်ရုံးတို့ အုပ်ဖုံးကာ ယှက်ထွေးသကဲ့သို့ ဖြူဖွေးသပ္ပာယ် စင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် နိက္ခမိံသု = ပဋ္ဌာန်းဒေသနာတော်မြတ်ကို ဆင်ခြင်တော်မူသည့်နေ့က ယခုည ယနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

လောဟိတဋ္ဌာနေဟိ = မျက်စိသားထွေး နီထွေးရာ အရပ်တော်တို့မှ လောဟိတာ = ဆုံမှုန့်တပ်စွဲ ရဲသောချိပ်ရည် ကမ္ဗလာနီမြန်း ခေါင်ရမ်းမိုးစွေ ပန်းကသစ်အနေလို ရေမြေရော ကောင်းကင်ပါ အာကာသ အဇဋ္ဌာမှာ တိမ်မိလ္လာပြေးသကဲ့သို့ နီထွေးထိန်ကျင်လွင်သော

mgyoe.com

mgyoe.com


အဆင်းရှိသော ရောင်ခြည်တော်တို့သည် နိက္ခမိံသု = ပဉ္စာန်းဒေသနာတော်ကို ဆင်ခြင်သည့်နေ့က ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ကာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။ တု = ထိုမှ တစ်ပါးကုန်သော–

မဥ္ဇိဋ္ဌာ = မည်း၊ နီ၊ ညိုလောင်း ရောယှက်ပေါင်းသဖြင့် မောင်းမဲ့ မှိုင်းအုံ့ မှုန်ရီသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် လည်းကောင်း–

ပဘဿရာ = လ ကဆုန်ခါ အဇ္ဈောပြင်ကျယ် ကောင်းကင်လယ်က လျှပ်နွယ်ယှက်ကူး ပိုးရေမြှူးစံ မီးပေါက်လျှံကဲ့သို့ ဝဲပျံတက်သက် ပြိုးပြိုးပြက်သောအားဖြင့် တစ်ခဲနက် အဆင်းရှိသော ရောင်ခြည်တော်တို့သည် လည်းကောင်း တမှာ တမှာ သရီရပဒေသာ = ထိုထို ကိုယ်တော်အစိတ်မှ နိက္ခမိံသု = ပဉ္စာန်းဒေသနာတော်ကို ဆင်ခြင်တော်မူသည့်နေ့က ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ကာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

၅

ဧဝံ ဆဗ္ဗဏ္ဏာ ရံသိယော ဧတာ ယာဝဇ္ဇဝါသရာ၊
သဗ္ဗဒိသာ ဝိဓာဝန္တိ ပဘာ နသန္တိ တတ္ထိကာ။

ဧဝံ = ဤသို့ ဧတာ ဆဗ္ဗဏ္ဏာ ရံသိယော = ညို၊ ရွှေ၊ ဖြူ၊ နီ မောင်းရီပြိုးပြက်၊ တစ်ခဲနက်အားဖြင့် ထိုခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ယာဝဇ္ဇဝါသရာ = သာသနာတော်ရောင် ထွန်းပြောင်ထိန်လက် ယနေ့ထက်တိုင်အောင် ဆဗ္ဗဒိသာ = ဝန်းကျင်

mgyoe.com

mgyoe.com


ပတ်ခြုံ လုံးစုံနှံ့စပ် အရပ်ဆယ်မျက်နှာတို့သို့ ဝိဓာဝန္တိ = ထိုဤမြားမား ပြေးသွားကြလေကုန်ပြီ။ တတ္ထိကာ = ရောင်ခြည်တော်ခြောက် အစဉ် လျှောက်၍ ရောက်လေရာရာ ပဒေသာပင် ဥယျာဉ် ဗိမာန် စသော ထိုထိုအရပ်၌ ဖြစ်ကုန်သော ပဘာ = လက်ဆယ်ချောင်းဖြင့် သောင်း စက္ကဝါ ထွန်းနိုင်ပါသော ဗြဟ္မာနတ်မင်း စသည်တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည် နဿန္တိ = တေဇိန် ပယ်ရှင်း မထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်းပြေပျောက်ရလေကုန်၏။

၆

**ဣတိ ဆဗ္ဗဏ္ဏ ရံသိတ္တာ အင်္ဂီရသောတိ နာမတော၊**

**လောကေ ပတ္ထတ ဂုဏံ တံ ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။**

**ဣတိ ဧဝံ ယထာ ဝုတ္တနယေန** = အကြင်အကြင် ဆိုအပ် ခဲ့ပြီးသော နည်းဖြင့် **ဆဗ္ဗဏ္ဏ ရံသိတ္တာ** = ခြောက်ပါးသော ရောင်ခြည် တော် ရှိတော်မူသည်၏ အဖြစ်ကြောင့် **နာမတော** = လွန်ကဲထူးမြတ် ဂုဏ်သကတ်ကြောင့် ရတော်မူအပ်သော အတ္ထာနုဂတ အမည်တော် အားဖြင့် **အင်္ဂီရသောတိ** = အင်္ဂီရသ ဟူ၍ **လောကေ** = လောက သုံးထပ် ဘုံသုံးရပ်၌ **ပတ္ထတဂုဏံ** = ကြေညာအောက်ထက် ပြန့်တက် ကျော်စောသော ကျေးဇူးတော် ဂုဏ်တော်နှင့် ပြည့်စုံတော်မူထသော **နမဿိယံ** = တစ်လောကလုံး ညွတ်ရုံးဖြန့်မိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော် မူပေထသော **တံ ဗုဒ္ဓံ** = သစ္စာလေးပါး မြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီး သိတော်မူပါသော လောကထွဋ်ထား ထိုမြတ်စွာဘုရားကို **အဟံ** = တရားဉာဏ်ဝင် ရှုဆင်ခြင်မှု မစင်မကြွယ် ရွံ့ဖွယ်လုံးလုံး သုံးဆယ့်နှစ်ဝ ကောဋ္ဌာသကို ကာယသမုတ် အကျွန်ုပ်သည် **ဝန္ဒေ** = ဝန္ဒာမိ = သက်တော်ရှိစဉ် သုံးလူ့ရှင်ကို ထင်ထင်ရမ်းရည်

mgyoe.com

mgyoe.com


ယုံကြည်ကြိမ်ကြိမ် သဒ္ဒါရှိန်ဖြင့် ဦးနှိမ်ညွှတ်ကာ လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

အဓိပ္ပာယ်အချုပ်မှာ "မြတ်စွာဘုရားသည် ရတနာဃရ သတ္တာဟ၌ အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်၏။ သမန္တ ပဋ္ဌာန်းကျမ်းသို့ ရောက်မှ ဉာဏ်ကျက်စားခွင့် ရ၏။ ယူဇနာငါးရာ ရှည်လျားသော တိမိရ ပိင်္ဂလ (ဝေလ) ငါးကြီးသည် သမုဒ္ဒရာ၌သာ မြူးထူးကျက်စား ကစားနိုင်သကဲ့သို့တည်း၊ ထိုအခါ မြတ်စွာဘုရား၏ သွေးစသည် ကြည်လင်သောကြောင့် ကိုယ်မှ ရောင်ခြည်ခြောက်သွယ်တို့ ထွက်ပေါ်လာကုန်၏။ ညိုရာ အရပ်တို့မှ အညို ရောင်, ဝါရွှေရာ အရပ်တို့မှ ရွှေသောအရောင်, ဖြူရာအရပ်တို့မှ အဖြူရောင်, နီတွေးရာ အရပ်တို့မှ အနီရောင်၊ ထို့ပြင် မောင်းသော အရောင်, ပြိုးပြိုး ပြက် အရောင်တို့သည် ထိုထိုကိုယ် အစိတ်မှ ထွက်ကုန်၏။ ထိုရောင်ခြည်တို့သည် ယနေ့တိုင် အလုံးစုံသော အရပ်မျက်နှာသို့ ပြေးသွားနေကုန်၏။ ထို အရပ်၌ ဖြစ်ကုန်သော အရောင်တို့ ပျောက်သွားကုန်၏။ ထို့ကြောင့် အင်္ဂီရသ အမည်ရသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏" ဟူသတည်း။

ဂါထာတို့မှာ ကျစ်လျစ်သိပ်သည်း၍ ကောင်းမွန်သကဲ့သို့ပင် အနက်ပေးပုံလည်း ပြည့်စုံလှပေ၏။ အဋ္ဌကထာ၏ ဆိုလိုချက်သာမက ဋီကာ၏ အဖွင့်တို့ကိုလည်း ပါဝင်အောင် သွင်းသွား၏။ မြန်မာမှု၌လည်း စံပြုလောက်အောင် ပေးသွားလေသည်။

mgyoe.com

mgyoe.com



## သမုဒ္ဒရာ ဥပမာ

ရှင်ဗုဒ္ဓဃောသသည် အဘိဓမ္မာ ဒေသနာကို သမုဒ္ဒရာနှင့် နှိုင်းယှဉ်ထား၏။ သမုဒ္ဒရာပြင်ကျယ် ပင်လယ်လည်း နက်ရှိုင်းသည်၊ ထို့အတူ အဘိဓမ္မာ အထူးသဖြင့် ပဋ္ဌာန်းကျမ်းလည်း နက်ရှိုင်း၏။ ဝေလငါးကြီးသည် သမုဒ္ဒရာမှာသာ လူးလွန့်မြူးကွန့်နိုင်သကဲ့သို့ ဗုဒ္ဓ၏ ဉာဏ်သည်လည်း ပဋ္ဌာန်း အဘိဓမ္မာမှာသာ လူးလွန့် မြူးကွန့်နိုင်၏။ ထို့ကြောင့် လွန်စွာ အားရနှစ်သက်ခြင်းဖြစ်ကာ ကိုယ်မှ အရောင်တဝင်းဝင်း ထွန်းလင်းထွက်ပေါ်လာခြင်း ဖြစ်၏။ လောက၌ နက်နဲခြင်းလေးမျိုး ရှိ၏။ (၁) သံသာရ သာဂရ, (၂) ဇလ သာဂရ, (၃) နယ သာဂရနှင့် (၄) ဉာဏသာဂရတို့ ဖြစ်ကြ၏။ သာဂရနှင့် သမုဒ္ဒရာမှာ အတူတူဖြစ်၏။ ပင်လယ်ပင်တည်း။

(၁) သံသာရ သာဂရ – ခန္ဓာ, အာယတန, ဓာတ်တို့၏ အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်ပျက်နေမှုကို သံသရာဟု ခေါ်၏။ ထိုသံသရာ၏ အစလည်း မထင်, အဆုံးလည်း မမြင်၊ ကပ်ကမ္ဘာပေါင်း သိန်းသန်း ကုဋေတိုင်အောင် သံသရာ၏ အစအဆုံးကိုကြည့်သော်လည်း မတွေ့မမြင် မထင်နိုင်ချေ။ ဘယ်အခါကာလက စတင်ဖြစ်ပေါ်၍ ဘယ်အခါရောက်လျှင် ဆုံးမည်ဟု ပြောမပြနိုင်လောက်အောင် ကျယ်ဝန်းနက်ရှိုင်း၏။ ထို့ကြောင့် သံသရာသည်လည်း သမုဒ္ဒရာပြင်ကျယ် ပင်လယ်ဖြစ်၏။

(၂) ဇလ သာဂရ – အကျယ်အဝန်းအားဖြင့်လည်းကောင်း, အနက်အစောက်အားဖြင့်လည်းကောင်း, ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ရှိသော မဟာသမုဒ္ဒရာကို ဇလ သာဂရ ရေပင်လယ်ဟု ခေါ်၏။ ထိုသမုဒ္ဒရာ၏ တစ်ဖက်ကမ်းကို မမြင်နိုင်ချေ။ ထိုတွင် ရှိသော ရေတို့ကိုလည်း မည်၍မည်မျှရှိသည်ဟု တိုင်းတာချိန်စက်ရန် မစွမ်းနိုင်

mgyoe.com